မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်၊ ၂၀၁၀ ခုနှစ်၊ မတ် ၃၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၈၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ထားဝယ်တက္ကသိုလ် ပင်မလေးထပ် စာသင်ဆောင်ရှိ ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်ကြီးကို အကောင်အထည်ဖော်လျက်ရှိ ပြည်သူ့ကိုယ်စားလှယ်များကို ပြည်သူများက ရွေးချယ်ပေးမည့် ရွေးကောက်ပွဲ အချိန်နီးကပ်လာ

နိုင်ငံနှင့်ပြည်သူအကျိုး သယ်ပိုးလိုစိတ်ပြင်းပြသည့် လူကောင်းလူတော်များကို ရွေးချယ်ရန်အရေးကြီး ရပ်ရွာတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေး မျက်ခြည်မပြတ်ဖော်ဆောင်

နေပြည်တော် မတ် ၃၀

(၆၅)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်း ထားဝယ်မြို့ရှိ ထားဝယ်တက္ကသိုလ် ပင်မလေးထပ် စာသင်ဆောင်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါတက္ကသိုလ် ပင်မလေးထပ် စာသင်ဆောင်ရှေ့ဥပစာ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်၍ ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။*စာမျက်နှာ ၆ ကော်လံ ၁* ●

ထားဝယ်တက္ကသိုလ် ပင်မလေးထပ် စာသင်ဆောင်

ထားဝယ်တက္ကသိုလ် ပင်မလေးထပ် စာသင်ဆောင် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

တကယ်တမ်း နိုင်ငံတော်မှာ ဘယ်လိုစနစ်ကို ကျင့်သုံးသည်ဖြစ်စေ နိုင်ငံတော်ကြီး အေးချမ်းသာယာနေပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် မြင့်မားနေဖို့သာ အဓိကဖြစ်ပါတယ်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဆိုတာမျိုးဟာလည်း ရည်မှန်းချက်တစ်နေရာရာမှာ ရပ်တန့်သွားရတာမျိုးမဟုတ်ဘဲ ဆင့်ကဲဆင့်ကဲ အမြဲတမ်း ရှင်သန်နေအောင် လုပ်ကိုင်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်သာဖြစ်ပါတယ်။ သဲတစ်ပွင့်၏ ဆောင်းပါး စာမျက်နှာ ၈ နှင့် ၉ တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မတ် ၃၁ ရက်)

ပြည်ထောင်စုတစ်ဝန်း အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်ရေး လမ်း၊ တံတားများ ကွန်ရက်သဖွယ် လက်ယှက်ထိုးဖောက်လုပ်

ပြည်ထောင်စုတစ်ဝန်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အရေးပါသော စီမံကိန်းလုပ်ငန်းကြီးများကို အကောင်အထည်ဖော်လျက်ရှိရာ လမ်းတံတားစီမံကိန်းများလည်း အပါအဝင်ဖြစ်သည်။ ယခုအခါ ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-မြောင်းမြလမ်း၊ ကျုံကဒွန်း-စက်ဆန်းလမ်း၊ ပေါက်တော-မင်းပြားလမ်း၊ မြေပုံ-မင်းပြားလမ်း၊ ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းနှင့် ရွှေချောင်း-အနီးစခန်းလမ်း၊ ကုန်းကြမ်း-မော်လိုက်လမ်း၊ တာရွှေထန်-တာပါးလမ်းပိုင်း၊ ထိလုံ-အောက်ဗိုလ်တဲလမ်းပိုင်းများ ဖောက်လုပ်ရန် စီမံဆောင်ရွက်လျက်ရှိပေသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် ပါဝင်သော အမှတ် (၁၀)လမ်းမကြီးဖြစ်သည့် ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-မြောင်းမြလမ်းသည် လမ်းအရှည် ၆၆မိုင်ရှိပြီး လမ်းတာပေါင်တည်ဆောက်ခြင်း၊ မြေသားလမ်းမှ အမာခံလမ်းတည်ဆောက်ခြင်း၊ အမာခံလမ်းမှ ကျောက်ချောလမ်းတည်ဆောက်ခြင်းစသည့် လုပ်ငန်းများကို ဖောက်လုပ်သွားမည်ဖြစ်သည်။ လမ်းများဖောက်လုပ်ပြီးစီးပါက ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်းစသည့် ဒေသခံပြည်သူများသည် မြောင်းမြမြို့မှတစ်ဆင့် ရန်ကုန်-ပုသိမ်လမ်းသို့ အနီးဆုံးဖြတ်လမ်းအဖြစ် သွားရောက်နိုင်မည်ဖြစ်သည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဝင် အမှတ်(၈)လမ်းမကြီးဖြစ်သည့် ကျုံကဒွန်း-စက်ဆန်းလမ်းကို မူလအမာခံလမ်းနှင့် မြေသားလမ်းအခြေအနေမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် တည်ဆောက်သွားမည်ဖြစ်သည်။

ထို့အပြင် ဧရာဝတီတိုင်းအတွင်း ဟသ်ာတ-ဇလွန်-ဓနုဖြူ-ညောင်တုန်း ရထားလမ်းကို ဖောက်လုပ်မည်ဖြစ်ပြီး ရန်ကုန်-ပုသိမ် ရထားလမ်းနှင့် ဧရာဝတီတံတား(ညောင်တုန်း)တွင် ပေါင်းဆုံမည်ဖြစ်သည်။ ကြံခင်း-ပခုက္ကူရထားလမ်းသည်လည်း ဖောက်လုပ်ပြီးစီးပါက လက်ရှိရထားလမ်းများနှင့်ဆက်စပ်ပြီး ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ ပုသိမ်-ဟသ်ာတ -ကြံခင်း-ပခုက္ကူ-ကလေးအထိ ဆက်သွယ်သွားလာနိုင်ကြမည်ဖြစ်သည်။

မြစ်ချောင်းအင်းအိုင်ပေါများသော ဧရာဝတီတိုင်းအတွင်း လမ်းပန်းဆက်သွယ်မှု လွယ်ကူစွာသွားလာနိုင်ရန်သာမက အခြားပြည်နယ်နှင့်တိုင်းများသို့ ဆက်သွယ်သွားလာနိုင်ရန် ကားလမ်းမကြီးများ၊ ရထားလမ်းများ၊ တံတားများကို ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ အဆိုပါလမ်း၊ တံတားများ ဖောက်လုပ်တည်ဆောက်ပြီးစီးပါက ဒေသခံတိုင်းရင်းသားပြည်သူများ လိုရာခရီးသို့ လွယ်ကူချောမွေ့စွာ အချိန်တိုအတွင်း သွားရောက်နိုင်ပြီး ကုန်စည်စီးဆင်းမှု ပိုမိုလျင်မြန်သွက်လက်လာတော့မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ အရည်အသွေးမြှင့်တင်ရေး သင်တန်းဖွင့်

နေပြည်တော် မတ် ၃၀

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ ကြီးကြပ်စီမံမှုနှင့် ကုလသမဂ္ဂ၊ အာရှနှင့်ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေးကော်မရှင်အောက်ရှိ ကုလသမဂ္ဂ၊ အာရှနှင့် ပစိဖိတ်ဒေသ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်မှု လေ့ကျင့်ရေးသင်တန်းဌာန (UN-APCICT/ESCAP) တို့ ပူးပေါင်းကျင်းပသည့် သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ အရည်အသွေးမြှင့်တင်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပတ္တမြားခန်းမ၌ကျင်းပရာ ရှေးဦးစွာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကား ပြောကြားသည်။ **(ဝဲအောက်ပုံ)**

ထို့နောက် ကုလသမဂ္ဂ၊ အာရှနှင့် ပစိဖိတ်ဒေသ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်မှု လေ့ကျင့်ရေးသင်တန်းဌာနမှ ညွှန်ကြားရေးမှူး Dr. Hyeun-Suk Rhee က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ပို့ချမည်

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းနည်းပြများနှင့် အလယ်အလတ်အဆင့် အရာထမ်း ၅၀တို့ တက်ရောက်ကြပြီး သတင်းနှင့်ဆက်သွယ်ရေးနည်းပညာလုပ်ငန်း အသုံးပြုမှုနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် ဆက်နွယ်မှု၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စဉ်ဆိုင်ရာနှင့် အုပ်ချုပ်ရေးစနစ်အတွက် သတင်းဆက်သွယ်ရေးနည်းပညာ၊ e-Government အသုံးပြုပုံများ စသည့် သင်ခန်းစာသုံးခုကို ခြောက်ရက်ကြာ ပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှူဒါန်း

ရန်ကုန်မြို့ သဃ်ၤန်းကျွန်းမြို့နယ် သုဝဏ္ဏ ခရေမြိုင်လမ်းသွယ်နေ အဘိုးဦးဘဘွား - အဘွားဒေါ်အေးခင်နှင့် မိဘများဖြစ်ကြသော ဦးထိန်ဟိုး-ဒေါ်ကြည်ကြည် ခင်ပွန်းဦးသောင်းစိန်တို့အားရည်စူး၍ ဒေါ်ခင်ခင်နွဲ့၊ ဦးစိုးမြင့်၊ ဗိုလ်မှူးစိုးတင့်(ငြိမ်း) တို့က ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် လေးထပ်ဘိုးဘွားဆောင် သစ်ကြီးအတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ဆရာမြ၏သုတနှင့် အင်္ဂလိပ်စာ စာအုပ်အမှတ်(၄)ထုတ်ဝေ

ရန်ကုန် မတ် ၃၀

ဆရာမြက World Knowledge Book-4 အဖြစ် ဟစ်ဟော့တေးဂီတ၊ စူပါမော်ဒယ်လ်နှင့် အင်္ဂလိပ်စာကို ထုတ်ဝေလိုက်သည်။

စာအုပ်ခေါင်းစဉ်တွင် ပါရှိသည့်အတိုင်း တေးဂီတကို ရင်ခုန်ခံစားတတ်သူများ၊ စူပါမော်ဒယ်လ် ချစ်မြတ်နိုးသူများနှင့် အင်္ဂလိပ်စာကို လေ့လာဆည်းပူးနေကြသည့် လူငယ်များအတွက် သင့်လျော်သော မြန်မာ-အင်္ဂလိပ်ရေးသားချက်များ ပါဝင်သည်။

ဆရာမြ၏အမှာစာတွင် ကိုယ်တိုင်အင်္ဂလိပ်လို ရေးတတ်၊ ပြောတတ်ရန်လိုအပ်ကြောင်း၊ အင်္ဂလိပ်လိုပြောတတ်၊ ရေးတတ်အောင် လေ့ကျင့်သင်ယူခြင်းကို ဖွဲ့ရှိရှိဖြင့်လုပ်နိုင်သည့် နည်းလမ်းများကို ဖော်ပြထားသည်။

ဆရာမြသည် အပြည်ပြည်ဆိုင်ရာ သံတမန်ဆက်ဆံရေးစာအုပ်အပြင် ကျောင်းသား ကျောင်းသူများနှင့် အငယ်တန်းဝန်ထမ်းများအတွက် မြန်မာ-အင်္ဂလိပ်သုတ စာအုပ်(၁)၊ (၂)နှင့် (၃)တို့ကို ထုတ်ဝေခဲ့ပြီးဖြစ်သည်။

စာအုပ်ကို မြတ်ထွန်းဦးစာပေ၊ ပထမ သီရိရိပ်သာ အလုံမြို့နယ်မှ ထုတ်ဝေပြီး မျိုးဆက်သစ်စာပေ အမှတ် ၂၄၂ တတိယထပ် မဟာဗန္ဓုလပန်းခြံလမ်း ကျောက်တံတားမြို့နယ်မှ ဖြန့်ချိသည်။ ရောင်းဈေးမှာ ငွေကျပ် ၁၀၀၀ ဖြစ်သည်။

(သတင်းစဉ်)

ပုလဲမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၃၀

စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ အသိပညာပေးဟောပြောပွဲကို မတ် ၉ ရက်က ရွာသာ၊ လိန်ကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပရာ မြို့နယ် လက်ထောက်ဆရာဝန် ဒေါက်တာအိအိမွန်က မိခင်နှင့်ကလေးကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို လည်းကောင်း၊ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်နန်းဆိုင်မိုနွမ်က အသင်းမှဆောင်ရွက်နေသည့် လူမှုရေးလုပ်ငန်းများကို လည်းကောင်း၊ မြို့နယ်ကော်မတီဝင် ဒေါ်တင်တင်ဝင်းက ကြက်၊ ငှက် တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို လည်းကောင်း ဟောပြောဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ဂန္ထဝင်စာကြည့်တိုက် အဆောက်အအုံသစ် တိုက်ကြီးမြို့နယ်တွင် ဖွင့်လှစ်

တိုက်ကြီး မတ် ၃၀

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် တာဂွကျေးရွာ၌ မတ် ၂၅ရက် နံနက်၉နာရီက (၆၅) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဂန္ထဝင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို စာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်သီတာစန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးအောင်ထွန်းသိန်း**(အောက်ပုံ)**တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

လှူဒါန်း

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြပြီး မြို့နယ်အတွင်းရေးမှူးနှင့် ဦးစီးမှူးတို့က သုတ၊ ရသ၊ စာအုပ် စာစောင်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

ခြင်ဆေးမီးပွား သတိမထားက စီးပွား၊ ဥစ္စာ ကုန်လိမ့်မည်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထားဝယ်-သရက်ချောင်းလမ်းပိုင်းရှိ ဆိပ်ကမ်းဘူတာတွင် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးမှုအခြေခံကောင်းများ ရေရှည်တည်တံ့ရေး သားစဉ်မြေးဆက် ဆက်လက်စောင့်ရှောက်

ဒို့တာဝန်အရေး(၃)ပါးကို နိုင်ငံသားတိုင်း ခိုင်မြဲသော သန္နိဋ္ဌာန်စိတ်ဖြင့် ထာဝစဉ်ထိန်းသိမ်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ

နေပြည်တော် မတ် ၃၀

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် မတ် ၂၉ရက် နံနက် ၇နာရီခွဲတွင် မော်လမြိုင်မြို့မှ မုဒုံမြို့သို့ မော်တော်ယာဉ်များဖြင့် သွားရောက်ပြီး မြို့စည်ပင်ဖွံ့ဖြိုးမှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မော်လမြိုင်မြို့ရှိ အောင်ဆန်းခန်းမ၌ ပြည်နယ်/ခရိုင်နှင့် မြို့နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးဆိုင်ရာ သိလိုသည်များကို မေးမြန်းပြီး အမှာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မော်လမြိုင်မြို့ရှိ ပြည်နယ် အထွေထွေရောဂါကုဆေးရုံကြီး ခွဲစိတ်ခန်း ဆောက်လုပ်ရေးအတွက် အလှူငွေကို ဆေးရုံအုပ်ကြီး ဒေါက်တာဉာဏ်ဇော်ထံ ပေးအပ်ပြီး မြို့မိမြို့ဖများအား အဝတ်အထည်နှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်ကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး မော်လမြိုင်ခရိုင် ရေးမြို့သို့ ရောက်ရှိကြရာ ရေးတပ်နယ်မှ ဗိုလ်မှူးကြီး သန်းဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ယင်းနောက် မြို့မိမြို့ဖများအား အဝတ်အထည်နှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထားဝယ်မြို့ရောက်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ရေးမြို့မှ ဆက်လက်ထွက်ခွာခဲ့ကြပြီး မွန်းလွဲ ၁၂နာရီ မိနစ်၂၀တွင် တနင်္သာရီတိုင်း ထားဝယ်မြို့သို့ ရောက်ရှိကြရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ထားဝယ်တပ်နယ် အောင်ဆန်းခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး နယ်မြေဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ထားဝယ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် သွေးရည်ကြည်ခွဲထုတ်စက် တပ်ဆင်ရန်အတွက် ငွေများကို ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာအောင်ထွန်းအားလည်းကောင်း၊ အောက်ဆီဂျင်ပေးစက် တပ်ဆင်ရန်အတွက် ငွေများကို ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းကြိုင်အား လည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ မြို့မိမြို့ဖများအား အဝတ်အထည်နှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ထားဝယ်မြို့ရှိ ထားဝယ်-မြိတ်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ စီမံကိန်းအင်ဂျင်နီယာရုံးသို့ မော်တော်ယာဉ်များဖြင့်ရောက်ရှိရာ စီမံကိန်းအင်ဂျင်နီယာနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖြည့်စွက်တင်ပြ

ထို့နောက် ရှင်းလင်းဆောင်၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ထားဝယ်-မြိတ်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းတွင် ရထားလမ်းအူကြောင်းကို လမ်းပိုင်းအလိုက် ရှာဖွေရွေးချယ်ထားမှု၊ ရထားလမ်း ဖြတ်သန်းသွားမည့် မြို့နယ်များ၊ ထားဝယ်-သရက်ချောင်းလမ်းပိုင်းနှင့် သမုတ်(မြိတ်)-ဘုတ်ခြံ လမ်းပိုင်းတို့၏ လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်တို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရထားလမ်းပိုင်းအလိုက် သတ်မှတ်လျာထားပြီး တာဝန်ခွဲဝေဆောင်ရွက်ရေး၊ ပြီးစီးသည့် ရထားလမ်းပိုင်းအလိုက် ပြည်သူများ စောစီးစွာ အသုံးပြုနိုင်ရန် စီမံဆောင်ရွက်ရေး မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ထားဝယ်-သရက်ချောင်းလမ်းပိုင်းတွင် ပါဝင်သည့် ဆိပ်ကမ်းဘူတာ တည်ဆောက်နေမှု၊ ရထားသံလမ်းများ တပ်ဆင်နေမှု၊ မြေသားတာပေါင်လုပ်ငန်းနှင့် တံတားငယ်များ ဖောက်လုပ်တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အရှည်ပေ ၅၄၀ ရှိ ပေါက်တိုင်းချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိ ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပေါက်တိုင်းချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြပြီး ထားဝယ်မြို့တွင် ညအိပ်ရပ်နားကြသည်။

ထားဝယ်-မြိတ်ရထားလမ်း

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာနက တာဝန်ယူဖောက်လုပ်နေသည့် ထားဝယ်-မြိတ်ရထားလမ်းသည် စုစုပေါင်းအရှည် ၁၃၂ဒသမ ၅၀ မိုင်ရှိပြီး ထားဝယ်-သရက်ချောင်းလမ်းပိုင်း၊ သရက်ချောင်း-ပလောက်လမ်းပိုင်း၊ ပလောက်-ပုလောလမ်းပိုင်း၊ ပုလော-ဘုတ်ခြံလမ်းပိုင်းနှင့် ဘုတ်ခြံ-သမုတ်(မြိတ်)လမ်းပိုင်းတို့ ပိုင်းခြားကာ ဖောက်လုပ်လျက်ရှိသည်။

အဆိုပါ လမ်းပိုင်းလုပ်ငန်းများမှ အရှည်မိုင် ၂၀ရှိ ထားဝယ်-သရက်ချောင်းလမ်းပိုင်းသည် မြေကြီးတာပေါင်လုပ်ငန်း ၉၃ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး တံတားငယ်များလည်း ဆောက်လုပ်ပြီးစီး၍ ဒေသခံပြည်သူများ စောစီးစွာ အသုံးပြုနိုင်ရေးအတွက် ၂၀၁၀ခုနှစ်အတွင်း ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။ ကျန်လမ်းပိုင်းများကိုလည်း ပြီးစီးသည့် လမ်းပိုင်းအလိုက် ဒေသခံပြည်သူများ စောစီးစွာ အသုံးပြုနိုင်ရေးအတွက် ဖွင့်လှစ်ပေးနိုင်ရန် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ထားဝယ်-မြိတ်ရထားလမ်း တစ်ခုလုံးတွင် ပေ ၁၈၀နှင့်အထက် တံတားခုနစ်စင်း၊ ပေ ၄၀နှင့် ပေ ၁၈၀အောက် တံတား၃၇စင်း အပါအဝင် တံတားအရေအတွက် စုစုပေါင်း ၆၆၆ စင်း တည်ဆောက်ရမည်ဖြစ်ပြီး ဘူတာ ၁၂ခုနှင့် ယာဒ်စခန်း ၁၄ခု ပါဝင်မည်ဖြစ်ကြောင်း သိရှိရသည်။

စာမျက်နှာ ၇ ကော်လံ ၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပေါက်တိုင်းချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

31-3 (03).pmd 1 3/31/2010, 2:41 AM

၂၀၁၀ခုနှစ်၌ ကမ္ဘာ့ကုန်သွယ်မှု ပြန်လည်ဦးမော့လာနိုင်

ဝါရှင်တန် မတ် ၃၀

၂၀၀၉ ခုနှစ်အတွင်းက ကမ္ဘာ့ကုန်သွယ်မှုကဏ္ဍကျဆင်းနေရာမှ ယခုနှစ်အတွင်း ကုန်သွယ်မှုပမာဏသည် ၉ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာနိုင်မည်ဟု မျှော်မှန်းထားကြောင်း မတ် ၂၈ ရက်တွင် ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့ (ဒဗလျူတီအို)က သတင်းထုတ်ပြန်သည်။

ကမ္ဘာ့စီးပွားရေးအကျပ်အတည်းဖြစ်ပွားကတည်းက ၂၀၀၉ ခုနှစ်တွင် ကူးသန်းရောင်းဝယ်မှုပမာဏသည် ၁၂ ရာခိုင်နှုန်း အထိ အဆိုးဆုံးအဆင့်သို့ ထိုးကျသွားကြောင်း ကမ္ဘာ့ကုန်သွယ်ရေးကသက်သေထူခဲ့သည်။ နှစ်ပေါင်း ၇၀ ကျော်ကာလတာအတွင်း ကမ္ဘာ့ကုန်သွယ်မှုကျဆင်းခြင်းသည် အဆိုးရွားဆုံးဖြစ်သည်ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)က ထုတ်ဖော်ကြေညာသည်။

တရုတ်၊ အိန္ဒိယနှင့် ဘရာဇီးနိုင်ငံတို့ကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများက ပို့ကုန်ပမာဏ ၁၁ ရာခိုင်နှုန်းမြင့်တင်ခြင်းဖြင့် ကမ္ဘာ့ကုန်သွယ်ရေးပြန်လည်ဦးမော့လာရေးကို ထိပ်ဆုံးက ဦးဆောင်နိုင်မည်ဟု ခန့်မှန်းရသည်ဆိုသည်။ **(အင်တာနက်)**

အာဖဂန်အရပ်သားများ သေဆုံးမှု ၂၀၀၉ခုနှစ်အတွင်း မြင့်တက်ခဲ့

ကဘူးလ် မတ် ၃၀

အာဖဂန်နစ္စတန်နိုင်ငံ ဟီရက်ပြည်နယ် အနောက်ပိုင်း၌ မတ် ၂၇ရက်က လမ်းဘေးဗုံးပေါက်ကွဲသဖြင့် အရပ်သား ၁၁ဦးသေဆုံးကြောင်း၊ သေဆုံးသူများတွင် ကလေးငယ်ငါးဦးပါဝင်ကြောင်း အာဖဂန်နစ္စတန်ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အာဖဂန်တောင်ပိုင်း၌လည်း အလားတူ ဗုံးနှစ်လုံးပေါက်ကွဲမှုကြောင့် အရပ်သား ခြောက်ဦးသေဆုံးသည်။

တာလီဘန်လက်နက်ကိုင်များက အာဖဂန်တပ်ဖွဲ့နှင့် နိုင်ငံခြားတပ်ဖွဲ့များကို ပစ်မှတ်ထားကာ ဗုံးဖောက်ခွဲရာမှ အရပ်သားများ သေဆုံးခဲ့ရခြင်းဖြစ်သည်။

အာဖဂန်စစ်ပွဲများကြောင့် ပြီးခဲ့သည့်နှစ်အတွင်း အရပ်သား ၂၄၀၀ကျော် သေဆုံးခဲ့ရသည်ဟု ကုလသမဂ္ဂအစီရင်ခံစာ၌ ဖော်ပြသည်။

တိုက်တွန်း

ပြီးခဲ့သည့်နှစ်အတွင်း အာဖဂန် အရပ်သားများသေဆုံးမှု ၁၄ရာခိုင်နှုန်း တိုးလာသည့်အတွက် အရပ်သားများအား ကာကွယ်ရန် ပိုမိုကြိုးပမ်းရေးကို ကုလသမဂ္ဂက တိုက်တွန်းခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။ **(အင်တာနက်)**

မော်တော်ကားစက်ရုံ

တရုတ်နိုင်ငံ လန်ကျိုးမြို့ရှိ ဖော်လ်ဗို မော်တော်ကားထုတ်လုပ်သည့် စက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို မတ် ၂၈ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

အီရန်နျူကလီးယားပြဿနာ သံတမန်နည်းဖြင့်ဖြေရှင်းရန် တူရကီထောက်ခံ

အင်ကာရာ မတ် ၃၀

အီရန်နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အီရန်အပေါ် နောက်ထပ်အရေးယူပိတ်ပင်မှုထပ်မံပြုလုပ်မည့် အဆိုပြုချက်ကို တူရကီနိုင်ငံက မတ် ၂၉ရက်၌ ထပ်မံပယ်ချလိုက်ပြန်သည်။

ကြိုးပမ်း

မိမိတို့အနေဖြင့် ဖော်ပြပါအစီအစဉ်ကို သံတမန်နည်းလမ်းဖြင့် ဖြေရှင်းရန် ပထမဆုံးကြိုးပမ်းရမည်ဖြစ်ကြောင်း၊ မိမိတို့ လိုအပ်သည်မှာ သံတမန်ပရိယာယ်ပင်ဖြစ်ကြောင်း စသည်ဖြင့် တူရကီဝန်ကြီးချုပ် အာဒိုဂန်ကဒါဝိစပီဂယ်မဂ္ဂဇင်းသို့ ပြောကြားသည်။

အီရန်အပေါ် အရေးယူပိတ်ပင်မည့် အစီအစဉ်များက ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်လျက်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဂျာမန်ဝန်ကြီးချုပ် အိန်ဂျယ်လာမာကယ် တူရကီနိုင်ငံသို့ အလည်အပတ်မလာရောက်မီ တူရကီဝန်ကြီးချုပ်က အထက်ပါအတိုင်း ဝေဖန်ပြောကြားခြင်းဖြစ်သည်။ **(အင်တာနက်)**

အာဖဂန်၌ စစ်ပန်းနေသည့်ကန်တပ်ဖွဲ့များ ခက်ခဲမှုကြုံတွေ့ရမည်

ကဘူးလ် မတ် ၃၀

စစ်ပန်းနေသည့် အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့ဝင်များမှာ ခက်ခဲကြမ်းတမ်းသည့် အချိန်အခါနှင့်အခြေအနေကို ကြုံတွေ့ရတော့မည်ဟု သမ္မတအိုဘားမားက အရိပ်အမြွက်ပြောကြားလိုက်သည်။ သို့ရာတွင် အာဖဂန်စစ်ပွဲ အောင်မြင်မှုရှိစေရန် သန္နိဋ္ဌာန်ချမှတ်ကြောင်း စသည်ဖြင့် အမေရိကန်သမ္မတ အိုဘားမားက အာဖဂန်ခရီးစဉ်အတွင်း သတိပေး ပြောကြားလိုက်သည်။

အိုဘားမားက အာဖဂန်သို့ ရုတ်တရက်လာရောက်ပြီး ဘာဂရမ် လေတပ်အခြေစိုက်စခန်းသို့ မတ် ၂၈ရက်က ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ချေမှုန်း

အာဖဂန်နစ္စတန်နိုင်ငံတွင် မိမိတို့အနေဖြင့် ရန်သူနှင့် ရင်ဆိုင်နေရပြီဖြစ်ကြောင်း၊ သို့ရာတွင် မိမိတို့ အမေရိကန်နိုင်ငံအနေဖြင့် တစ်စုံတစ်ရာဆောင်ရွက်ပြီဆိုပါက လက်လွှတ်လေ့မရှိကြောင်း အိုဘားမားက ဘာဂရမ်စစ်အခြေစိုက်စခန်းရှိ အမေရိကန်တပ်ဖွဲ့ဝင်များသို့ ပြောကြားသည်။ အိုဘားမားက တာလီဘန် စစ်သွေးကြွများ၏ တိုက်ခိုက်မှုရပ်ဆိုင်းသွားစေရမည်ဟု သန္နိဋ္ဌာန်ချထားပြီး ရန်သူများအား ချေမှုန်းအနိုင်ယူမည်ဟုလည်း ပြောကြားသည်။

(အင်တာနက်)

အာဖဂန်၌ စစ်ဆင်ရေးဆင်နွှဲ တာလီဘန်တပ်မှူးနှစ်ဦးဖမ်းမိ ခုနစ်ဦးသုတ်သင်

ကဘူးလ် မတ် ၃၀

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟယ်လ်မန်ပြည်နယ်၌ လုံခြုံရေးတပ်ဖွဲ့က တာလီဘန်စစ်သွေးကြွ ခုနစ်ဦးအား သုတ်သင်ရှင်းလင်းပြီး တာလီဘန်တပ်မှူးနှစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက မတ် ၂၉ရက်၌ သတင်းထုတ်ပြန်သည်။

ဆင်နွှဲ

အာဖဂန်လုံခြုံရေးတပ်ဖွဲ့သည် အဆိုပါပြည်နယ်အတွင်းရှိ နက်ဒ်အလီနှင့် ကာဂျာကီခရိုင်အတွင်း၌ ယခုသီတင်းပတ်အတွင်း စစ်ဆင်ရေးများဆင်နွှဲခဲ့ခြင်းဖြစ်သည်။

သိမ်းဆည်းရမိ

အဆိုပါစစ်ဆင်ရေးအတွင်း လက်နက်နှင့်ခဲယမ်းမီးကျောက်အမြောက်အမြား သိမ်းဆည်းရမိခဲ့သည်ဟုသိရသည်။

တိုက်ခိုက်

အာဖဂန်နစ္စတန်၌ တာလီဘန်စစ်သွေးကြွများအား အပြီးသတ်ချေမှုန်းစစ်ဆင်နေသည့်ကြားမှပင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကမ္ဘောဒီးယား တပ်ဖွဲ့ဝင် ၂၀၀ခန့် လက်ဘနွန်သို့ စေလွှတ်မည်

ဖနောင်ပင် မတ် ၃၀

ကမ္ဘောဒီးယားအစိုးရအနေဖြင့် လက်ဘနွန်ရှိ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ရန်အတွက် ကမ္ဘောဒီးယားတပ်ဖွဲ့ဝင် ၂၀၀ခန့်ကို စေလွှတ်မည်ဖြစ်ကြောင်း စစ်ဘက်တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက မတ် ၂၉ရက်၌ ပြောကြားသည်။

စေလွှတ်

ကမ္ဘောဒီးယားအစိုးရသည် မိုင်းရှင်းလင်းရေးတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အင်ဂျင်နီယာများကို ငြိမ်းချမ်းရေးတာဝန်များထမ်းဆောင်ရန်အတွက် ဆူဒန်နိုင်ငံနှင့် ဗဟိုအာဖရိက နိုင်ငံတို့သို့ စေလွှတ်ခဲ့ပြီးဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်၌ မိုးလေဝသပြတိုက်ဖွင့်လှစ်

နန်နင်း မတ် ၃၀

တရုတ်နိုင်ငံတွင် ပထမဆုံးသော မိုးလေဝသ သမိုင်းပြတိုက်တစ်ခုကို ပြည်သူများကြည့်ရှုလေ့လာရန် မတ် ၂၈ရက်က ဖွင့်လှစ်ခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ယင်းပြတိုက်သည် ကျန်စုပြည်နယ်၏ မြို့တော် နန်နင်းတွင် တည်ရှိပြီး ပြည်သူများအား မိုးလေဝသယဉ်ကျေးမှုနှင့် အောင်မြင်မှုများ သိရှိရန် ပညာပေးသည့်အနေဖြင့် ဖွင့်လှစ်ခြင်းဖြစ်သည်ဟု တရုတ်မိုးလေဝသ အုပ်ချုပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဇန်ဂျူဘိုဂွမ်က ပြောကြားသည်။ ယင်းပြတိုက်ကို ပေကျင်းဂျီ တောင်ကုန်းပေါ်တွင် ဆောက်လုပ်ထားသည်။ ပြင်ပပြခန်းတွင်ရှေးဟောင်း မိုးလေဝသသုံးပစ္စည်းများနှင့် မိုးလေဝသ ပညာရှင်များ၏ ရုပ်တုများကို ပြသထားသည်။ အတွင်းပြခန်းတွင် မိုးလေဝသသုံး ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်လာသည့်သမိုင်းနှင့် တရုတ်မိုးလေဝသ ဖွံ့ဖြိုးမှုသမိုင်းကို ပြသထားသည်။ **(အင်တာနက်)**

ဗုံးပေါက်ကွဲမှုဖြစ်ပွား

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အရှေ့မြောက်ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ် ၂၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

လက်နက်လျှော့ချရေးသဘောတူစာချုပ်သစ် ရုရှားနှင့်အမေရိကန်တို့ လက်မှတ်ရေးထိုးကြမည်

မော်စကို မတ် ၃၀

ရုရှားနှင့်အမေရိကန်နိုင်ငံတို့သည် ချက်သမ္မတနိုင်ငံ မြို့တော်ပရာဟာတွင် ဧပြီ၈ရက်က လက်နက်လျှော့ချရေးသဘောတူစာချုပ်သစ်တစ်ရပ်ကို လက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း ရုရှားသမ္မတရုံးက မတ်၂၆ရက်တွင် သတင်းထုတ်ပြန်ကြေညာသည်။

ရုရှားသမ္မတမက်ဗီဒက်နှင့် အမေရိကန်သမ္မတ အိုဘားမားတို့ တယ်လီဖုန်းဖြင့် အချင်းချင်းဆက်သွယ်ဆွေးနွေးကြပြီးနောက် ယင်းကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

ဖော်ပြ

ယင်းလက်နက်လျှော့ချရေးသဘောတူစာချုပ်သည် နှစ်နိုင်ငံစိတ်ဝင်စားမှုကို ထင်ဟပ်ဖော်ပြသည့် စာချုပ်ဖြစ်သည်ဟု ရုရှားသမ္မတရုံးပြောရေးဆိုခွင့်ရပုဂ္ဂိုလ် နေတာလီယာတာမာကိုဗာက ပြောကြားသည်ဟု ရုရှားသတင်းဌာနများက ကိုးကားဖော်ပြသည်။

လက်မှတ်ရေးထိုး

ရုရှားနှင့်အမေရိကန်သမ္မတတို့သည် ယင်းတို့နှစ်ဦး ပူးပေါင်းဆောင်ရွက်နိုင်မှုနှင့်ပတ်သက်၍ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ကျေးဇူးတင်စကားပြောကြားကြောင်း၊ အဆိုပါစာချုပ် လက်မှတ်ရေးထိုးချုပ်ဆိုပြီးချိန်၌ စာချုပ်ကိုအတည်ပြုရန်မှာ အဓိကလုပ်ငန်းဖြစ်ကြောင်း အဆိုပါ ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။ **(အင်တာနက်)**

ပင်လယ်ဓားပြများဖမ်းမိ ဒတ်ချ်ရေတပ်မှ ပြန်လွှတ်ပေး

သည်ဟိတ် မတ် ၃၀

ဒတ်ချ်ရေတပ်စစ်သင်္ဘောက ဆိုမာလီကမ်းလွန်တွင် ပင်လယ်ဓားပြ ၁၂ဦးထံမှ လက်နက်များသိမ်းဆည်းပြီးနောက် ပင်လယ်ဓားပြများကို ပြန်လွှတ်ပေးခဲ့ကြောင်း နယ်သာလန်ကာကွယ်ရေးဝန်ကြီးဌာနက မတ် ၂၈ရက်၌ ပြောကြားသည်။

ဂျာမန်ရေကြောင်း ကင်းလှည့်လေယာဉ်က ဆိုမာလီဓားပြအချို့ကိုတွေ့ရှိခဲ့သည့် ဆိုမာလီကမ်းလွန်သို့ ဥရောပသမဂ္ဂဓားပြနှိမ်နင်းရေး စစ်သင်္ဘောကိုစေလွှတ်ခဲ့ရာ ဓားပြလှေနှစ်စင်းကို နှိမ်နင်းနိုင်ခဲ့သည်။ ယခုလဆန်းက ဆိုမာလီကမ်းလွန်တွင် ပင်လယ်ဓားပြ ၃၂ဦးကို ဖမ်းဆီးခဲ့သေးကြောင်း ကာကွယ်ရေးဌာနက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ဂျပန်၌ စက်မှုထုတ်ကုန် ကျဆင်း

တိုကျို မတ် ၃၀

ဂျပန်နိုင်ငံ၏ စက်မှုထုတ်ကုန်ကဏ္ဍသည် ယခုနှစ်အစောပိုင်းကာလ၌ ၀ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းလျက်ရှိကြောင်း မတ် ၂၉ ရက်တွင် စီးပွားရေး၊ကုန်သွယ်မှုနှင့်စက်မှုဝန်ကြီးဌာန (အမ်အီးအိုင်တီ)က သတင်းထုတ်ပြန်သည်။ အသေးစား၊ အကြီးစားစက်မှုထုတ်ကုန်၊ အီလက်ထရွန်နစ်ပစ္စည်းများနှင့် ကုန်ထုတ်လုပ်မှုများလျော့ကျလျက်ရှိသည်။

(အင်တာနက်)

ဆိုမာလီ၌တိုက်ပွဲဖြစ်ပွား၊ ၁၇ဦးသေဆုံး

မိုဂါဒစ်ရှူး မတ် ၃၀

ဆိုမာလီနိုင်ငံ မြို့တော်မိုဂါဒစ်ရှူး၌ မတ် ၂၇ရက်က ဆိုမာလီတပ်ဖွဲ့နှင့် တိုက်ခိုက်ရေးသမားတို့ တိုက်ပွဲဖြစ်ပွားရာ ၁၇ဦး သေဆုံးကြောင်း၊ သေဆုံးသူများတွင် တပ်ဖွဲ့ဝင် ခုနစ်ဦးပါဝင်ကြောင်း အဆိုပါ သတင်းရပ်ကွက်က ပြောကြားသည်။ ယင်းဖြစ်ပွားမှုသည် မိုဂါဒစ်ရှူးမြို့ရှိ အာဖရိကသမဂ္ဂအဖွဲ့အပါအဝင် စစ်အခြေစိုက်စခန်းနှစ်ခုကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်သည်။

ဖြစ်ပွား

ယင်းနေ့နံနက်စောစောပိုင်းက ဗုံးပေါက်ကွဲမှုကြောင့် မြို့တော်ခရိုင်အရာရှိနှင့် သူ၏ကိုယ်ရံတော်နှစ်ဦး သေဆုံးပြီးနောက် နာရီအနည်းငယ်အကြာတွင် တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အယ်လ်ရှာဘတ် တိုက်ခိုက်ရေးသမားများ၏ လက်ချက်ကြောင့် လမ်းဘေးဗုံးပေါက်ကွဲမှုများလည်း ဖြစ်ပေါ်ကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

ပေါ်ပေါက်ခဲ့

ဆိုမာလီအစိုးရအဖွဲ့က စစ်သွေးကြွများအား နှိမ်နင်းရန် ကတိပေးထားခြင်းကြောင့် မကြာမီရက်သတ္တပတ်များအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများကလည်း သုံး၊လေးကြိမ် ပေါ်ပေါက်ခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

မြဝတီ၌ဘုရင့်နောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

မြဝတီ မတ် ၃၀

မြဝတီခရိုင် မြဝတီမြို့နယ် ရေပူစမ်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ဘုရင့်နောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၆ရက်က အဆိုပါ စာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် ဘုရင့်နောင်စာကြည့်တိုက်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဇော်ဦး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်အုံးသွင်နှင့် ရေပူစမ်းကျေးရွာဥက္ကဋ္ဌ ဦးအောင်မင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက ရေပူစမ်းကျေးရွာ ဘုရင့်နောင်စာကြည့်တိုက်အတွက် စာအုပ်စာစောင်နှင့် ရန်ပုံငွေကျပ်နှစ်သိန်းကို ကျေးရွာဥက္ကဋ္ဌ ဦးအောင်မင်းအားလည်းကောင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးစိုးအိက စာအုပ်စာစောင်အုပ်ရေ ၁၀၀ နှင့် ရေဒီယိုတစ်လုံးကို စာကြည့်တိုက်ကော်မတီဝင် ဦးအောင်ကျော်ကျော်အားလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

အဆိုပါဘုရင့်နောင်စာကြည့်တိုက် အဆောက်အအုံသစ်မှာ (၁၅×၁၂ပေ)ရှိပြီး တန်ဖိုးငွေ ကျပ်သိန်း ၂၀ ဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မော်တော်ယာဉ်နှင့်ဆိုင်ကယ်များ သတ်မှတ်စည်းကမ်းချက်ညီရေး မော်လမြိုင်၌စစ်ဆေး

မော်လမြိုင် မတ် ၃၀

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်စီစဉ်မှုဖြင့် မော်လမြိုင်ယာဉ်ထိန်းတပ်ဖွဲ့ ခေတ္တတာဝန်ခံ ရဲအုပ်လှထွန်း ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပြည်နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနှင့် ခရိုင်နှင့်မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ သန်မြန်သူ၊ ရာမည၊ ထော့မဲပါလိုင်းတာဝန်ခံ ဂိတ်မှူးများ ပူးပေါင်းပါဝင်သော အဖွဲ့သည် မတ်၂၀ရက်မှစတင်၍ မြို့အဝင်အထွက် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များကို ရှောင်တခင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ရှိ မရှိ စစ်ဆေးကြသည်။**(ယာပုံ)**

အရေးယူဆောင်ရွက်

အဆိုပါအဖွဲ့ငါးဖွဲ့သည် မြို့နယ်အတွင်း မတ်၂၀ရက်မှ၂၅ရက်အထိ စစ်ဆေးမှုများ ပြုလုပ်ရာတွင် ၂၀၁၀ခုနှစ်အတွက် စည်ပင်ခွန်များကိုလည်းကောင်း၊မော်တော်ဆိုင်ကယ် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့၏ လိုင်စင်များကိုလည်းကောင်း၊ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် အညီ ပြေးဆွဲခြင်းရှိ မရှိစစ်ဆေးမှုများ ပြုလုပ်ရာ စည်းကမ်းမဲ့ မော်တော်ယာဉ်မှု ၆၀နှင့် စည်းကမ်းမဲ့ မော်တော်ဆိုင်ကယ်မှု၅၄၉မှုတို့ကို အရေးယူဆောင်ရွက်ထားသည်။ **(ဝ၁၄)**

ဝါးခယ်မမြို့နယ် ဘဲချောင်းကျေးရွာ၌ ပညာ့ဂုဏ်ရည်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ဝါးခယ်မ မတ် ၃၀

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြောင်းမြခရိုင် ဝါးခယ်မမြို့ ဘဲချောင်းကျေးရွာ ပညာ့ဂုဏ်ရည်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၅ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်နှင့် ကျေးရွာဥက္ကဋ္ဌဦးမင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(ဝဲပုံ)**

ဟောပြော

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြား၍ ကျေးရွာဥက္ကဋ္ဌ ဦးမင်းအောင်က စာကြည့်တိုက်အကြောင်း ရှင်းလင်းပြော ကြားပြီး ရပ်မိရပ်ဖ ဦးကျော်စိုးက ကျေးဇူးတင်စကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များနှင့် ငွေပဒေသာပင်များကို အလှူရှင်များက လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက်မှူးတို့က လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

ဆရာဝန်အသင်း ဆေးပညာဆွေးနွေးပွဲ

ရန်ကုန် မတ် ၃၀

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့မှ ကြီးမှူး၍ အထွေထွေရောဂါ/မိသားစု ကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာ စဉ်ဆက်မပြတ် တိုးတက်ရေးရည်သန်လျက် ပညာရပ်ဆိုင်ရာဆွေးနွေးပွဲကို မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်(ဘီ)တွင် မတ် ၃၁ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီမှ ညနေ၃နာရီခွဲအထိ ကျင်းပမည်ဖြစ်ရာ ဆွေးနွေးပွဲတွင် မိသားစု ကျန်းမာရေးစောင့်ရှောက်မှုစာတမ်းများ ဖတ်ကြားဆွေးနွေးခြင်းနှင့် အထူးကုသမားတော်ကြီး တစ်ဦးအားတွေ့ဆုံခြင်း အစီအစဉ်တွင် Q & A on Common Rheumatologic Problems in General Practice တို့ ပါဝင်မည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မန်စီ၌ ဖြိုးစာကြည့်တိုက်ဆောက်လုပ်

မန်စီ မတ် ၃၀

ကချင်ပြည်နယ် မန်စီမြို့နယ် ဟန်ထက်ကျေးရွာ ဖြိုးကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အသစ်ဆောက်လုပ်မှုကို မတ် ၁၂ရက် ညနေ ၅နာရီက ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးညွှန့်ရွှေ လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါ စာကြည့်တိုက်သည် အလျား ပေ ၃၀၊ အနံ ပေ ၂၀ရှိပြီး သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်း အဆောက်အအုံဖြစ်သည်။ ၎င်းစာကြည့်တိုက်သို့ ဦးထွန်းထွန်းက ငွေကျပ် ၁၀သိန်းလှူဒါန်းပြီး ပြည်သူများက ငွေကျပ်သိန်း ၂၀ ထည့်ဝင်လှူဒါန်းဆောက်လုပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် မိဘမေတ္တာခြံ မာလာမြိုင်ရိပ်သာလမ်းနေ ဒေါ်ပိုင်းစိန်အားရည်စူး၍ သားသမီး၊ မြေးတစ်စုတို့က လေးထပ်ဘိုးဘွားဆောင်သစ်နှင့် ဆွမ်း၊ ဆေးပဒေသာပင် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

တရုတ်နှင့်အိန္ဒိယသို့ ကာတာမှဓာတ်ငွေ့ရည်ပို့မည်

တရုတ်နှင့်အိန္ဒိယနှစ်နိုင်ငံတို့အတွက်လိုအပ်နေသောသဘာဝဓာတ်ငွေ့ရည်များကို ကာတာနိုင်ငံမှသင်္ဘောများဖြင့်တင်ပို့ပေးမည်ဖြစ်ကြောင်း၊ ထိုသို့ဓာတ်ငွေ့ရည်ပေးပို့မှုကို နှစ်နိုင်ငံကိုယ်စားလှယ်များက မတ်၃၀ရက်၌ သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း ကာတာအရာရှိများက ပြောကြားသည်။

အေဒင်ပင်လယ်ကွေ့၌ သင်္ဘောတစ်စင်းအပိုင်စီးခံရ

အေဒင်ပင်လယ်ကွေ့အတွင်းခုတ်မောင်းလာသောသင်္ဘောသား၂၄ဦးပါရှိသည့် သင်္ဘောတစ်စင်းကို ဆိုမာလီလက်နက်ကိုင်များက မတ်၃၀ရက်နံနက်၌ အပိုင်စီးသွားခဲ့ကြောင်း၊ မည်သည့်နိုင်ငံမှသင်္ဘောဖြစ်သည်ကို စုံစမ်းလျက်ရှိကြောင်း နေတိုးသင်္ဘောရေးရာဌာနက သတင်းထုတ်ပြန်သည်။

ဘရာဇီး၌ ရေအားလျှပ်စစ်စက်ရုံတည်ဆောက်မည်

ဘရာဇီးနိုင်ငံတွင် ၂၀၁၁ခုနှစ်မှစတင်က ရေအားလျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၇၈၀၀ထုတ်လုပ်ပေးနိုင်သည့်ရေအားလျှပ်စစ်စက်ရုံတစ်ရုံကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ဘရာဇီးသမ္မတလူလာဒါဆီးလ်ဗားက မတ်၃၀ရက်၌ ပြောကြားသည်။

ဂျပန်အရှေ့ပိုင်းကမ်းလွန်၌ ငလျင်လှုပ်

ဂျပန်နိုင်ငံအရှေ့ပိုင်း ဆာပိုရိုမြို့ကမ်းလွန်၌ မတ် ၃၀ရက် နံနက်က ရစ်ချ်တာစကေး ၅ဒသမ ၈အဆင့်ရှိ ငလျင်လှုပ်ခဲ့ရာ ဆာပိုရိုမြို့တွင် နေအိမ်နှင့် အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါသွားကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။

ပနားမားကုန်တင်သင်္ဘော အပိုင်စီးခံရ

အိန္ဒိယသမုဒ္ဒရာရေပြင်တွင် အာရပ်စော်ဘွားများနိုင်ငံသို့ ခုတ်မောင်းလာသော ပနားမားကုန်တင်သင်္ဘောတစ်စင်းကို ဆိုမာလီပင်လယ်ဓားပြများက မတ်၃၀ရက်၌ အပိုင်စီးသွားခဲ့ကြောင်း၊ သင်္ဘောနှင့်သတင်းဆက်သွယ်မှု ပြတ်တောက်သွားကြောင်း ပနားမားနိုင်ငံမှ အရာရှိများက ပြောကြားသည်။ (အောက်ပုံ)

အိန္ဒိယလေတပ်က ဒုံးကျည်အသစ်များထုတ်လုပ်မည်

အိန္ဒိယလေတပ်သည် ဝေဟင်မှ မြေပြင်ပစ်ဒုံးကျည်အသစ်များကိုထုတ်လုပ်ရန် ဘတ်မိုဒ်ကုမ္ပဏီနှင့်သဘောတူညီမှုစာချုပ်ကို မတ်၃၀ရက်၌ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ လာမည့်နှစ်တွင်ထုတ်လုပ်မည်ဖြစ်ကြောင်း အိန္ဒိယလေတပ်အရာရှိများက ပြောကြားသည်။

ပါကစ္စတန်က ဂျေအက်ဖ်-၁၇တိုက်လေယာဉ်စမ်းသပ်ပျံသန်း

ပါကစ္စတန်နိုင်ငံလေတပ်က ဂျေအက်ဖ်-၁၇တိုက်လေယာဉ်ကို မတ်၃၀ရက်၌ စတင်စမ်းသပ်ပျံသန်းကြောင်း၊ ယင်းလေယာဉ်ကို တရုတ်နှင့်ပါကစ္စတန်ပူးတွဲလေကြောင်းစစ်ရေးလေ့ကျင့်မှုတစ်ရပ်၌ စမ်းသပ်ပျံသန်းခြင်းဖြစ်ကြောင်း ပါကစ္စတန်လေတပ်အရာရှိများက ပြောကြားသည်။

အီရန်က အခြားလေကြောင်းလိုင်းများနှင့်ပူးပေါင်းမည်

အီရန်နိုင်ငံပိုင်လေကြောင်းလိုင်းသည် လေကြောင်းလိုင်းကဏ္ဍာသစ်ဖွင့်လှစ်ရန် အခြားပြည်ပလေကြောင်းလိုင်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အီရန်နိုင်ငံတွင် ပြည်တွင်းခရီးစဉ်၁၀၀၀ခန့်နှင့် ပြည်ပခရီးစဉ်၁၈၀ခန့်ရှိနေကြောင်း အီရန်လေကြောင်း အရာရှိများက မတ်၃၀ရက်၌ ပြောကြားသည်။

မက္ကဆီကိုနှင့် နယူးဇီလန်စွမ်းအင်ကဏ္ဍပူးပေါင်းမည်

မက္ကဆီကိုနှင့် နယူးဇီလန်နှစ်နိုင်ငံတို့ စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီမှုစာချုပ်ကို နှစ်နိုင်ငံကိုယ်စားလှယ်များက မတ် ၃၀ရက်၌ လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ ရင်းနှီးမြှုပ်နှံမှု၊ စက်ရုံတည်ဆောက်မှုနှင့် ရေနံရှာဖွေမှုများပါဝင်ကြောင်း မက္ကဆီကိုအရာရှိများက ပြောကြားသည်။ (အင်တာနက်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ တက်ရောက်လာကြသူများ ပင်မလေးထပ် စာသင်ဆောင်ရှေ့တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာရေး မျိုးဆက်သစ်လူငယ် လူကောင်း၊ လူတော်များ၏ ပခုံးထက်တွင်တည်ရှိ

● ရှေ့ဖုံးမှ

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ထားဝယ်တက္ကသိုလ် တာဝန်ခံ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့၊ မင်္ဂလာစည်တော်အဖွဲ့နှင့် အိုးစည်ဒိုးပတ်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတို့က ပင်မလေးထပ်စာသင်ဆောင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကံ့ကော်ပင်စိုက်ပျိုး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပင်မလေးထပ်စာသင်ဆောင် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စာသင်ဆောင်ရှေ့ ပန်းဥယျာဉ်၌ ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ တိုင်းမှူးနှင့် ဝန်ကြီးများက ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်နှင့် ခရေပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ တက်ရောက်လာကြသူများနှင့်အတူ ပင်မလေးထပ်စာသင်ဆောင်ရှေ့တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပင်မလေးထပ်စာသင်ဆောင်ရှိ ကမ္ဘည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်ဦး၊ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် တာဝန်ခံပါမောက္ခချုပ်တို့က ကမ္ဘည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့် ပညာကဏ္ဍ အရည်အသွေးတိုးတက်ဖွံ့ဖြိုးမှု ဆောင်ရွက်ချက်များပြခန်းကို လှည့်လည်ကြည့်ရှုအားပေးရာ ဝန်ကြီးဒေါက်တာချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ပြကွက်အလိုက် ရှင်းလင်းပြသကြသည်။

ထို့နောက် ပင်မလေးထပ်စာသင်ဆောင်ခန်းမ၌ ဖွင့်ပွဲအခမ်းအနား အစီအစဉ်များကို ဆက်လက်ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ တက်ရောက်ချီးမြှင့်ကြသည်။

ဟန်ချက်ညီညီ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာတွင် တနင်္သာရီတိုင်းအတွင်း နေထိုင်ကြသည့် မျိုးဆက်သစ်လူငယ် လူရွယ်များအနေဖြင့် အဆင့်မြင့်ပညာကို လက်လှမ်းတမီ တက်ရောက်သင်ယူနိုင်ရေးအတွက် ထားဝယ်တက္ကသိုလ်နှင့် မြိတ်တက္ကသိုလ်တို့ကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်အဆင့်နှင့်အညီ တက္ကသိုလ်နှစ်ခုစလုံး၌ ခံ့ညားထည်ဝါသော လေးထပ်စာသင်ဆောင်များ ဆောက်လုပ်ပေးခဲ့ရာ မြိတ်တက္ကသိုလ် ပင်မလေးထပ်ကျောင်းဆောင်ကြီးကို ၂၀၀၈ခုနှစ် မတ် ၃ရက်က ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုဆက်လက်ပြီး ထားဝယ်တက္ကသိုလ် ပင်မလေးထပ်ကျောင်းဆောင်သစ်ကြီးကို တည်ဆောက်ပြီးဖြစ်သည့်အတွက် ယခုကဲ့သို့ ခမ်းခမ်းနားနား ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

တနင်္သာရီတိုင်းအတွင်းရှိ ထားဝယ်နှင့် မြိတ်ဒေသတို့သည် ဖွံ့ဖြိုးရေးဒေသကြီးများအဖြစ် ခိုင်ခိုင်မာမာပေါ်ထွက်လာပြီး အဆင့်မြင့်ပညာလေ့လာသင်ယူနိုင်သည့် ယခုကဲ့သို့ တက္ကသိုလ်များအပြင် ကွန်ပျူတာပညာရှင်များ၊ အင်ဂျင်နီယာများစသည့် ပညာတတ်လူ့အရင်းအမြစ်များ ပြုစုပျိုးထောင်ပေးသည့် ဌာနများ၊ ကျန်းမာရေးစောင့်ရှောက်ပေးသည့် အဆင့်မြင့်ဆေးရုံကြီးများနှင့် ပြည့်စုံစွာ ရှိနေပြီဖြစ်ကြောင်း။

လူ့စွမ်းအားအရင်းအမြစ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရ လက်ထက်တွင် နိုင်ငံတော်အတွက် အမျိုးသားပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး အစီအစဉ်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ပါဝင်လျက်ရှိသည့် လူ့အဖွဲ့အစည်းကြီး ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည့် ခေတ်စနစ်၏ တောင်းဆိုမှုများကို ရင်ဆိုင်ဖြေရှင်းရေးနှင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံး ရေရှည်ရှင်သန်ရပ်တည်နိုင်ရေးတို့အတွက် အခြေခံကျသည့် အရင်းခံအကြောင်းတရားသည် ပညာရေးအခြေခံ ခိုင်မာကောင်းမွန်ရန်ပင်ဖြစ်ကြောင်း၊ ပညာရေးကသာ ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးအတွက် စွမ်းဆောင်ပေးနိုင်သည် ဖြစ်ကြောင်း။

ပညာရေးကဏ္ဍတွင် ခေတ်နောက်ကျနေပြီး အဆင့်အတန်းမမီလျှင် ကျန်သည့်ကဏ္ဍအားလုံးသည်လည်း ခေတ်နောက်ကျ ကျန်ရစ်မှာ သေချာလျက်ရှိကြောင်း။

အပြိုင်အဆိုင်ကြိုးပမ်း

ယနေ့ခေတ်ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များ၊ အီလက်ထရွန်နစ်ပညာရပ်များ၏ တိုးတက်ပြောင်းလဲမှုသည် ကြီးမားကျယ်ပြန့်ပြီး မြန်ဆန်သွက်လက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတိုင်း နိုင်ငံတိုင်းသည် တိုးတက်ပြောင်းလဲ ဖြစ်ပေါ်လျက်ရှိသော နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ လေ့လာသင်ယူတတ်မြောက်ရေးကိုသာမက မိမိနိုင်ငံနှင့် မိမိလူမျိုး အကျိုးစီးပွားအတွက်ပါ ခေတ်မီနည်းပညာရပ်များကို လက်တွေ့ကျကျ အသုံးချနိုင်ရန် အပြိုင်အဆိုင် ကြိုးပမ်းနေကြရခြင်းဖြစ်ကြောင်း။

ယခုကဲ့သို့ တက္ကသိုလ်ကြီးများက မွေးထုတ်ပေးလိုက်သော အရည်အချင်း မြင့်မားသည့် ပညာတတ်များက မိမိတတ်ကျွမ်းနားလည်သော အသိပညာ၊ အတတ်ပညာနှင့် နိုင်ငံတော်ကြီးအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာအောင်၊ ပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာအောင်၊ ပြည်သူအများ စိတ်အေးချမ်းမြေ့စွာ သွားလာနေထိုင်နိုင်အောင် ဝိုင်းဝန်းတာဝန်ယူ ကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးသည် ထူးချွန်ထက်မြက်ပြီး တိုင်းပြည်ချစ်စိတ်ဓာတ် ထက်သန်သော မျိုးဆက်သစ်လူငယ် လူကောင်း၊ လူတော်များ၏ ပခုံးထက်တွင် တည်ရှိနေသည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏အနာဂတ်သည် မြန်မာလူငယ်မျိုးဆက်သစ်များ၏ စွမ်းအားများအပေါ်တွင် တည်မှီနေကြောင်း၊ ခေတ်မီနိုင်ငံတော်တည်ဆောက်ရေး စီမံကိန်းများသည်လည်း မျိုးဆက်သစ်လူငယ်များ၏ စွမ်းရည်များကို အားထားပြီး ဆောင်ရွက်ရခြင်းမျိုးဖြစ်ကြောင်း။

လမ်းညွှန်ချက်

ထို့ကြောင့်လည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် ပညာခေတ်၏စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသည့် လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သော ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရမည်ဆိုသည့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ကို ဦးထိပ်ထားပြီး လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီနည်းပညာများကို ထိရောက်စွာ ရယူအသုံးပြုရေး၊ အကျိုးပြု သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေး၊ ပညာရည်မြင့်မားရေးနှင့် အမျိုးသားရေးစံနှုန်းများကို ထိန်းသိမ်းစောင့်ရှောက်ရေးဆိုသည့် မျှော်မှန်းချက်များဖြင့် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀)နှစ်ရှည်စီမံကိန်းကို ၂၀၀၁-၂၀၀၂ ပညာသင်နှစ်က စတင်ပြီး အဆင့်မြင့်ပညာကဏ္ဍနှင့် အခြေခံပညာကဏ္ဍ နှစ်ရပ်စလုံးတွင် ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းပင် ဖြစ်ကြောင်း။

ယနေ့ဆိုလျှင် အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ် စုစုပေါင်း ၁၅၉ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၈၈ခုနှစ်တွင် ရှိခဲ့သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ် ၃၂ကျောင်းနှင့် နှိုင်းယှဉ်လျှင် ငါးဆခန့် တိုးတက်လာသည်ကို တွေ့ရမည် ဖြစ်ကြောင်း၊ သင်ကြားရေးအစီအစဉ်များအနေဖြင့်လည်း ယခင်က ၇၉ခုသာ ရှိခဲ့ရာမှ မဟာဘွဲ့၊ မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့ သင်တန်းများ အပါအဝင် သင်ကြားရေး အစီအစဉ် ၂၁၅ခုအထိ တိုးချဲ့ဖွင့်လှစ် သင်ကြားပေးနိုင်ခဲ့သည့်အတွက် ယခုအခါတွင် ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်များမှ ပါရဂူဘွဲ့ရ ၃၃၀၀ကျော် လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ လောလောဆယ် ပါရဂူဘွဲ့ သင်တန်းသား ၂၈၀၀ကျော် တက်ရောက် ပညာဆည်းပူးလျက်ရှိကြောင်း။

ပညာသင်ကြား

အခြေခံပညာကဏ္ဍတွင်လည်း အခြေခံပညာကျောင်းပေါင်း ၄၀၇၀၀ကျော် ဖွင့်လှစ်ပေးထားပြီး ဆရာ ဆရာမ နှစ်သိန်းခြောက်သောင်းကျော်က ကျောင်းသား ကျောင်းသူ ရှစ်သန်းကျော်ကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ အစွန်အဖျား နယ်စပ်ဒေသများပါ လစ်ဟာမှုမရှိဘဲ ပညာသင်ကြားခွင့်ရရှိရေးအတွက် အခြေခံပညာကျောင်းပေါင်း ၁၀၉၄ ကျောင်းကို နယ်စပ်ဒေသများတွင် ဖွင့်လှစ်ပေးပြီး ယင်းကျောင်းများတွင်လည်း ကျောင်းသားပေါင်း နှစ်သိန်းကျော် ပညာသင်ကြားလျက်ရှိနေကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဂျပန်နိုင်ငံ ဂိုဟားမားတက္ကသိုလ်တွင် ကင်ဆာရောဂါကို တိုက်ဖျက်နိုင်သော ဒြပ်ပေါင်းအသစ်ကို သုတေသနပြုဖော်ထုတ်ခဲ့သော ဓာတုဗေဒဌာနမှ လက်ထောက်ကထိက ဒေါက်တာ နွဲ့နွဲ့ဝင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ယနေ့နိုင်ငံတော်သည် စနစ်သစ်တစ်ခုကို ညင်သာစွာ ကူးပြောင်းလျက်ရှိနေပြီဖြစ်ကြောင်း၊ ဤသို့ အသွင်ကူးပြောင်းနိုင်အောင်လည်း နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် လိုအပ်သောအခြေခံကောင်းများကို ခိုင်ခိုင်မာမာတည်ဆောက်ထူထောင်ခဲ့သည့်အတွက် ကဏ္ဍအလိုက်ရော နယ်မြေဒေသ အလိုက်ပါ အရှိန်အဟုန်ရှိရှိ တိုးတက်မှု၊ အောင်မြင်မှုများရရှိနေကြောင်း။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးလျက်ရှိသည့်နည်းတူ ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍစသည့် ကျန်ကဏ္ဍအားလုံးသည်လည်း အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိနေကြောင်း၊ ထို့အတူ ပြည်နယ်/တိုင်း ၁၄ခု စုစည်းထားသည့် ပြည်ထောင်စုကြီး တစ်ဝန်းလုံး ပြောင်းလဲတိုးတက်နေသကဲ့သို့ ပြည်နယ်/တိုင်း အားလုံးသည်လည်း တစ်ပြိုင်တည်း

စာမျက်နှာ ၇ ကော်လံ ၁ သို့

31-3 (06).pmd 1 3/31/2010, 2:41 AM

စာမျက်နှာ ၆ မှ

အပြိုင်အဆိုင် ဖွံ့ဖြိုးတိုးတက်လျက်ရှိနေကြောင်း၊ ပြည်ထောင်စုကြီး၏ တောင်ဘက်အစွန်အဖျားတွင်ရှိသည့် တနင်္သာရီတိုင်းသည်လည်း သိသိသာသာ တိုးတက်လျက် ရှိနေပြီဖြစ်ကြောင်း။

အရှိန်အဟုန်ကောင်း

ရေကြောင်းနှင့် လေကြောင်းအပြင် ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်း ကားလမ်းသစ်ကြီးနှင့် ရေး-ထားဝယ် ရထားလမ်းသစ်များသည် ဒေသခံပြည်သူများအတွက် လမ်းကြောင်းသစ်များအဖြစ် စိတ်အေးချမ်းသာစွာ အသုံးပြုနိုင်ကြပြီဖြစ်ကြောင်း၊ လမ်းတစ်လျှောက် မြစ်ကူး၊ ချောင်းကူးတံတားသစ်ကြီးများဖြစ်သည့် ကျွဲကူး-ကျောက်ဖျာတံတား၊ တနင်္သာရီ မြစ်ကူးတံတား၊ လေညှာ-မဏ္ဍိုင်တံတားများကိုလည်း တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ သွားလာမှု လွယ်ကူမြန်ဆန် သွက်လက်လာသည်နှင့်အမျှ တနင်္သာရီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပို၍ပို၍ အရှိန်အဟုန် ရရှိလာတော့မည် ဖြစ်ကြောင်း။

နိုင်ငံတော်က ရင်းနှီးတည်ဆောက်ပေးထားသည့် အခြေခံကောင်းများနှင့် တနင်္သာရီတိုင်း၏ ကြွယ်ဝသည့် ရေမြေသယံဇာတ အရင်းအမြစ်များကို ပေါင်းစပ်ပြီး ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးပြုကာ အလုပ်ကို ကြိုးစားလုပ်ကိုင်ကြရန် ဖြစ်ကြောင်း။

တနင်္သာရီတိုင်းတွင် ထူးချွန်ထက်မြက်သည့် ပညာတတ်မျိုးဆက်သစ်များ တိုးတက်ထွက်ပေါ်လာအောင် တိုင်းပြည်နှင့်ဒေသကို အကျိုးရှိစေမည့် ချမ်းသာကြွယ်ဝသော လုပ်ငန်းရှင်ကြီးများ ဖြစ်ထွန်းလာအောင်၊ ဒေသတွင်း စီးပွားရေး တောင့်တင်းသကဲ့သို့ စည်းလုံးညီညွတ်မှုလည်း ခိုင်မာအောင် ဘက်စုံကဏ္ဍစုံမှ ဝိုင်းဝန်းဆောင်ရွက်ကြပြီး တနင်္သာရီတိုင်းသည် အခြားသော ပြည်နယ်/တိုင်းများနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း။

ကြိုတင်ပြင်ဆင်

နိုင်ငံတော်အနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်ကြီးကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်လျက်ရှိရာ ယခုအခါတွင် ပဉ္စမအဆင့်ဖြစ်သည့် ပြည်သူ့ကိုယ်စားလှယ်များကို ပြည်သူများက ရွေးချယ်ပေးမည့် ရွေးကောက်ပွဲအချိန်သည် နီးကပ်လာနေပြီဖြစ်ကြောင်း၊ ဤအချိန်တွင် အရည်အသွေး၊ အရည်အချင်းရှိသော တိုင်းချစ် ပြည်ချစ်စိတ်ဓာတ် ထက်သန်သည့်၊ နိုင်ငံနှင့်ပြည်သူ အကျိုးကို သယ်ပိုးထမ်းဆောင်လိုစိတ် ပြင်းပြသည့် လူကောင်းလူတော်များကို ရွေးချယ်ပေးနိုင်ရန် ကြိုတင်ပြင်ဆင် စဉ်းစားကြရန် အရေးကြီးကြောင်း။

အေးချမ်းသာယာတည်ငြိမ်မှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု၊ စည်းလုံးညီညွတ်မှုတို့သည် ဒီမိုကရေစီနှင့် ဒွန်တွဲဖြစ်ပေါ်လျက်ရှိသော အခြေခံအကြောင်းတရားများဖြစ်သည့်အတွက် ရပ်ရွာ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်ရေးတို့ကို မျက်ခြည်မပြတ် ခိုင်မာသည်ထက် ခိုင်မာအောင် ဖော်ဆောင်နေကြရမည် ဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် ယနေ့ ကိုယ့်ခွန်ကိုယ့်အားကို အခြေခံပြီး ကြိုးစားတည်ဆောက်ပေးထားပြီးဖြစ်သည့် အခြေခံကောင်း၊ အုတ်မြစ်ကောင်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပါ၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာအောင် ဆက်လက်ကြိုးပမ်း တည်ဆောက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမျိုးသားပညာရည် မြင့်မားရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ ထားဝယ်တက္ကသိုလ်မှ ဘာသာရပ်ဆိုင်ရာ သုတေသနများ၊ ဒေသအကျိုးပြုသုတေသနများနှင့် အသုံးချသုတေသနများဆောင်ရွက်မှုဖြင့် ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသဆိုင်ရာလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ထားဝယ်တက္ကသိုလ်မှ အင်္ဂလိပ်ဘာသာ မဟာဝိဇ္ဇာ ပထမနှစ်ကျောင်းသူ မဝင်းမဥ္ဇူက ပင်မလေးထပ်စာသင်ဆောင် တည်ဆောက်ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် Ever Green Fine Arts Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးသန်းရွှေက ပင်မလေးထပ်စာသင်ဆောင် အဆောက်အအုံနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ဝန်ကြီးဒေါက်တာချမ်းငြိမ်းထံ လွှဲပြောင်းပေးအပ်ပြီး ထားဝယ်တက္ကသိုလ် ပညာရေးငွေပဒေသာပင်အတွက် အလှူငွေကျပ် သိန်း ၁၀၀ကို တာဝန်ခံ ပါမောက္ခချုပ် ဦးကျော်ကျော်ဌေးထံ ပေးအပ်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က မလေးရှားနိုင်ငံတွင်ကျင်းပသည့် ဆန်းသစ်မှုနှင့် နည်းပညာပြပွဲပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိခဲ့သည့် ရူပဗေဒဌာနမှ ကထိကဒေါက်တာ ဒေါ်အေးအေးသန်းအား ဂုဏ်ပြုဆုငွေများနှင့် တစ်ဆင့်မြင့်ရာထူး တိုးမြှင့်ခန့်အပ်လွှာကိုလည်းကောင်း၊ ဂျပန်နိုင်ငံ ဂိုဟားမားတက္ကသိုလ်တွင် ဆိပ်ဖလူးပင်နှင့် သရဖီပင်တို့မှ ကင်ဆာရောဂါကို တိုက်ဖျက်နိုင်သော ဒြပ်ပေါင်းအသစ်ကို သုတေသနပြု ဖော်ထုတ်ခဲ့သော ဓာတုဗေဒဌာနမှ လက်ထောက်ကထိက ဒေါက်တာနွဲ့နွဲ့ဝင်းအား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီးဒေါက်တာချမ်းငြိမ်းက ဖွင့်ပွဲအမှတ်တရ ဂုဏ်ပြုလက်ဆောင်များကို နိုင်ငံတော်ဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့် တိုင်းမှူးတို့အား ဂါရဝပြုပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် ထားဝယ်တက္ကသိုလ် ဖွံ့ဖြိုးတိုးတက်မှုပြခန်းကို လှည့်လည်ကြည့်ရှုအားပေးပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

ကြည့်ရှုအားပေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာကဏ္ဍ အရည်အသွေး တိုးတက်ဖွံ့ဖြိုးမှု ဆောင်ရွက်ချက်များပြခန်းကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

အထက(၁)ကျိုက်ထို ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၃၀

အထက(၁)ကျိုက်ထိုကျောင်းတွင် ၁၉၉၄-၁၉၉၅ခုနှစ်မှ ၂၀၀၁-၂၀၀၂ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဧပြီ ၁၁ရက် နံနက် ၁၀နာရီတွင် အထက(၁)ကျိုက်ထိုကျောင်းအတွင်းရှိ အဆောင်အမှတ်(၅)၌ ကျင်းပမည်ဖြစ်ရာ ကိုကျော်ကျော်ဟန် ဖုန်း-၀၉-၈၇၂၃၃၃၂၊ ကိုထွန်းအောင်လွင် ဖုန်း-၀၅၇-၆၀၂၄၃၊ ကိုကျော်သက်ထင် ဖုန်း-၀၉-၈၇၂၃၆၅၆၊ ကိုဝင်းထိုက်ထွန်း ဖုန်း-၀၉-၈၇၂၁၁၈၇၊ မအေးမိစံ ဖုန်း-၀၉-၈၆၁၅၁၅၅နှင့် မမေသူဝင်း ဖုန်း-၀၅၇-၆၀၂၉၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော် မတ် ၃၀

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့ တည်ထောင်လိုသော ပါတီ၏ အမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိကြရာ ၂၀၁၀ခုနှစ် မတ် ၃၀ရက်တွင် ဒီမိုကရက်တစ်ပါတီ (မြန်မာ)က လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၃ မှ

ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံတော်ဝန်ကြီးချုပ်သည် မွန်ပြည်နယ် မော်လမြိုင်မြို့၊ ရေးမြို့နှင့် တနင်္သာရီတိုင်း ထားဝယ်မြို့တို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရက နယ်စပ်ဒေသများအပါအဝင် နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့ ချမှတ်၍ အခြေခံကျသည့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးကို ဆောင်ရွက်ပေးပြီး တစ်ဆက်တည်းမှာပင် ပညာရေးနှင့် ကျန်းမာရေးအပါအဝင် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရရှိပြီးဖြစ်သည့် လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ တိုးတက်ကောင်းမွန်ခိုင်မာအောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး၊ ပြည်သူများ စိတ်အေးချမ်းစွာ သွားလာနေထိုင်နိုင်ရန် တရားဥပဒေစိုးမိုးရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်ရေး၊ နိုင်ငံတော်က တည်ဆောက်ပေးထားသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရေရှည်တည်တံ့အောင် သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေး(၃)ပါးကို နိုင်ငံသားတိုင်း ခိုင်မြဲသော သန္နိဋ္ဌာန်စိတ်ဖြင့် ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်ထားရှိမွေးမြူပြီး မိမိတို့ ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး မှာကြားသည်။ **(သတင်းစဉ်)**

လူကုန်ကူးသူ တရားခံများအား ထိရောက်ပြင်းထန်စွာ အရေးယူလျက်ရှိ

ကလေးငယ်များ၊ အမျိုးသမီးများအား လူကုန်ကူးသူများ၏ ဆွဲဆောင်စည်းရုံးမှု မခံရစေရေး သတိပြုကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထား

နေပြည်တော် မတ် ၃၀

ရွှေလီ လူကုန်ကူးမှု တိုက်ဖျက်ရေးအထူးအဖွဲ့က မူဆယ်မြို့နယ် လူကုန်ကူးမှု တိုက်ဖျက်ရေးအဖွဲ့ထံ မတ် ၂၅ရက် ည ၉နာရီတွင် လူကုန်ကူးခံရသူ မဖြိုးနှင်းဝေ (၁၉)နှစ်အား လာရောက် လွှဲပြောင်းပေးခဲ့ကြောင်း သိရှိရသည်။

ပြန်လည်လွှဲပြောင်း

မူဆယ်မြို့နယ် လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့က မဖြိုးနှင်းဝေအား မေးမြန်းရာ ၎င်းအား ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၅ရက်တွင် လှိုင်သာယာမြို့နယ်နေ မခိုင်ဆိုသူက တစ်ဖက်နိုင်ငံမှ အမျိုးသားကိုယူပါက ရွှေငွေများ ဆင်ပေးပြီး အိမ်၊ ကားများဖြင့် တင်တောင်းသည်ဟု စည်းရုံးသဖြင့် လိုက်ပါရန် သဘောတူခဲ့ကြောင်း၊ ဒီဇင်ဘာ ၂၉ရက်တွင် ၎င်းနှင့်အတူ လူကုန်ကူးခံရသူ မလင်းလင်း၊ မအိစံတို့ သုံးဦးသည် မခိုင်၊ ၎င်း၏ခင်ပွန်း ဇော်ထွန်းနှင့် ကျော်ရဲအောင်ဆိုသူတို့နှင့်အတူ မူဆယ်မှတစ်ဆင့် ရွှေလီမြို့ရှိ မအေး၏အိမ်သို့ ရောက်ရှိခဲ့ကြောင်း၊ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂ရက်တွင် မအေးက ၎င်းတို့သုံးဦးအား တစ်ဖက်နိုင်ငံသား လူပွဲစားများနှင့် ထည့်ပေးလိုက်ရာ ဖူးကျန့်ပြည်နယ် ဖူးကျန့်မြို့သို့ ရောက်ရှိစဉ် ၎င်းက ထွက်ပြေး၍ ရဲစခန်းတစ်ခုတွင် နှစ်လကျော် ထိန်းသိမ်းခံရပြီးနောက် ယခုကဲ့သို့ ပြန်လည်လွှဲပြောင်းပေးခံရခြင်းဖြစ်ကြောင်း သိရှိရသည်။

မဖြိုးနှင်းဝေပါ သုံးဦးအား လိမ်လည်စည်းရုံးခေါ်ဆောင်ပြီး ရောင်းစားခဲ့သော မခိုင်၊ ဇော်ထွန်း၊ ကျော်ရဲအောင်နှင့် မအေးတို့အပေါ် မူဆယ်ရဲစခန်းက အမှုဖွင့်အရေးယူထားပြီး မဖြိုးနှင်းဝေအား မူဆယ်မြို့ရှိ လူမှုဝန်ထမ်းဂေဟာ၌ စောင့်ရှောက်ထားကာ မိဘရပ်ထံ ပြန်လည်ပို့ဆောင်ရန် စီစဉ်ထားကြောင်း သိရှိရသည်။

အမှုဖွင့်အရေးယူ

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့ အေးရှားဝေါလ်တိုးဂိတ်၌ တာဝန်ရှိသူများသည် မတ် ၂၂ရက် နံနက်ပိုင်းတွင် ကွတ်ခိုင်မှ မူဆယ်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ်တစ်စီးအား ရှာဖွေစစ်ဆေးရာ အမျိုးသမီးသုံးဦးအား တစ်ဖက်နိုင်ငံ၌ အလုပ်ရမည်ဟု စည်းရုံး၍ ကြိုတင်ငွေနှစ်သိန်းပေးကာ တစ်ဖက်နိုင်ငံသား အမျိုးသားများထံ ပို့ဆောင်ရောင်းစားရန် ခေါ်ဆောင်လာသည့် မအေးယိမ်းအား စစ်ဆေးတွေ့ရှိရသဖြင့် ၎င်းအား ကွတ်ခိုင်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းနှင့် အမျိုးသမီးသုံးဦးအား သက်ဆိုင်သူများထံ ပြန်လည်အပ်နှံပြီးဖြစ်ကြောင်း သိရသည်။

ထို့အတူ လားရှိုးမြို့ မန်ဆူအဝေးပြေးကားဂိတ်အနီး၌ မတ် ၂၃ရက် ညနေ ၄နာရီ ၁၅မိနစ်ခန့်တွင် တာဝန်ရှိသူများသည် ၁၀လသားအရွယ် မိန်းကလေးငယ်နှင့် နမ့်ခမ်းမြို့နယ် မန်ဝိန်းကြီးကျေးရွာနေ မနန်းဆာအေး၊ လားရှိုးမြို့နယ် ခါးသျှိ(အပေါ်)ကျေးရွာနေ မဂွါးဆီးမီးတို့အား မသင်္ကာဖွယ်တွေ့ရှိရသဖြင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အထူးအဖွဲ့ရုံးသို့ ခေါ်ဆောင်၍ စစ်ဆေးခဲ့ကြောင်း၊ စစ်ဆေးချက်အရ ၎င်းအမျိုးသမီးနှစ်ဦးသည် မတ် ၂၂ရက် နံနက်ပိုင်းတွင် လားရှိုးမြို့နယ် နန့်ပေါင်ကျေးရွာအနီးရှိ ရွာတစ်ရွာမှ ကလေးငယ်အား မိဘအုပ်ထိန်းသူများမရှိခိုက် ခိုးယူလာခြင်းဖြစ်ကြောင်း၊ ကလေးငယ်အား တစ်ဖက်နိုင်ငံ ရွှေလီမြို့သို့ သွားရောက်ရောင်းစားရန် စီစဉ်နေခြင်းဖြစ်ကြောင်း ဖော်ထုတ်ရရှိသဖြင့် မနန်းဆာအေးနှင့် မဂွါးဆီးမီးတို့အား လားရှိုး အမှတ်(၁)ရဲစခန်းက အမှုဖွင့်အရေးယူထားကာ ကလေးငယ်အား လားရှိုးလူကုန်ကူးမှု တားဆီးကာကွယ်ရေး အထူးအဖွဲ့က ထိန်းသိမ်းထားပြီး မိဘများအား ရှာဖွေ၍ ပြန်လည်အပ်နှံနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

သတိပြု

လူကုန်ကူးမှု တားဆီးကာကွယ်နှိမ်နင်းနိုင်ရေးအတွက် တာဝန်ရှိသူများက နယ်မြေအသီးသီး၌ ဟောပြောဆွေးနွေး အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်း၊ သတင်းများ ထုတ်ပြန်ခြင်း စသည်ဖြင့် ဆောင်ရွက်လျက်ရှိသည့်အပြင် လေဆိပ်၊ ဘူတာ၊ ကားဂိတ်၊ မြို့ဝင်မြို့ထွက်များ၌ စနစ်တကျ စစ်ဆေးရှာဖွေ၍ လူကုန်ကူးခံရသူများအား ကယ်တင်ခြင်း၊ လူကုန်ကူးသူ တရားခံများအား ထိရောက်ပြင်းထန်စွာ အပြစ်ပေး အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ကလေးငယ်များ၊ အမျိုးသမီးများမှာ လူကုန်ကူးသူများ၏ ပစ်မှတ်ဖြစ်သဖြင့် ပိုမိုဆွဲဆောင် စည်းရုံးလျက်ရှိသောကြောင့် မိဘ၊ အုပ်ထိန်းသူများ သတိပြုကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သမိုင်းပေးတာဝန် ကျေပွန်ရှက်ထမ်း ရှေ့ဆက်လှမ်း

သဲတစ်ပွင့်

ကမ္ဘာပေါ်မှာ လူသားတွေရှိနေသရွေ့ အနည်းနဲ့အများ ဆိုသလို ပဋိပက္ခတွေ ရှိနေဦးမှာပါပဲ။ သူ့ဆန္ဒ ကိုယ့်ဆန္ဒ၊ သူ့လိုဘ ကိုယ့်လိုဘ အမြဲတမ်း ထပ်တူညီဖို့ မဖြစ်နိုင်သလို သူ့အတ္တ ကိုယ့်အတ္တတွေကလည်း အမြဲမပြတ် လွန်ဆွဲအားပြိုင်နေကြဦးမှာပါ။ ဒါကြောင့် စကားနိုင်လုတာ၊ ငြင်းခုံတာ၊ အားပြိုင်တာ စတဲ့ အသေးစား ပဋိပက္ခများမှသည် ပြည်တွင်းစစ်တွေ၊ ဒေသတွင်းစစ်ပွဲတွေကနေ ကမ္ဘာစစ်ပွဲကြီးများအထိ လူ့သမိုင်းတစ်လျှောက်မှာ ဖြစ်ပွားခဲ့၊ ဖြစ်ပွားဆဲ၊ ဖြစ်ပွားနေဦးမှာသာ ဖြစ်ပါတယ်။ ဒါကြောင့် ပဋိပက္ခဆိုတာ ရှောင်လွှဲလို့မရနိုင်တဲ့၊ ဖြစ်လေ့ဖြစ်ထရှိတဲ့ လူ့သမိုင်းယန္တရားရဲ့ ပုံမှန်ဖြစ်စဉ်တစ်ရပ်သာဖြစ်ပြီး ဒီပဋိပက္ခတွေ ပြေလျော့ချုပ်ငြိမ်းပပျောက်နိုင်ဖို့ လူသားအချင်းချင်း ပူးပေါင်းညှိနှိုင်း ဖြေရှင်းကြတာဟာလည်း မဆန်းလှတဲ့ ပုံမှန်လုပ်ရိုးလုပ်စဉ်တစ်ရပ် ဖြစ်နေပါပြီ။ လူ့သမိုင်းမှာ ဖြစ်ပွားပေါ်ပေါက်ခဲ့တဲ့ ပဋိပက္ခကြီးငယ်အများစုကိုလည်း ဒီလိုပဲ လူသားအချင်းချင်း အပြန်အလှန် ပူးပေါင်းညှိနှိုင်းအဖြေရှာပြီး အောင်အောင်မြင်မြင် ဖြေရှင်းကျော်လွှားနိုင်ခဲ့တာ အားလုံးအသိပါပဲ။

ကမ္ဘာ့သမိုင်းတစ်လျှောက် မရိုးနိုင်တဲ့ ပဋိပက္ခတွေထဲမှာ အလုပ်ရှင် အလုပ်သမား အငြင်းပွားမှု၊ တောင်းဆိုမှုတွေလည်း ပါဝင်ပါတယ်။ လုပ်ငန်းခွင်ဆက်ဆံရေးကို အခြေခံပြီး၊ သူ့ဘက်ကိုယ့်ဘက် အကျိုးစီးပွားကို အခြေခံပြီး အပြန်အလှန် အငြင်းပွားမှုတွေ ဖြစ်ပွားပေါ်ပေါက်နေရခြင်းဖြစ်ပါတယ်။ ဒါဟာ လူ့သဘောသဘာဝအရ ဖြစ်လေ့ဖြစ်ထရှိတဲ့ သာမန်ဖြစ်စဉ်တစ်ရပ်သာဖြစ်ပြီး နှစ်ဦးနှစ်ဖက် မျှတတဲ့ အပေးအယူ အလျှော့အတင်းနဲ့ ညှိနှိုင်းဖြေရှင်းလိုက်ရင် ပြီးဆုံးပြေပျောက်သွားစမြဲသာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ စက်မှုလက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ စက်မှုကုန်ထုတ်လုပ်ငန်းခွင် ဆက်ဆံရေးနယ်ပယ်ဟာလည်း ပိုမိုကျယ်ပြန့်လာခဲ့တာ အမှန်ပါပဲ။ စက်ရုံ အလုပ်ရုံကြီးတွေ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်လာခဲ့သလို အဲဒီမှာ အလုပ်ဝင်ကြတဲ့ အလုပ်သမားအရေအတွက်ဟာလည်း တိုးတက်များပြားလာခဲ့ပါတယ်။ အလုပ်သမားများအနေနဲ့ အလုပ်ဝင်စဉ်က မိမိတို့နှစ်သက်ရာ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတွေမှာ အလုပ်ရှင် အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်များနဲ့အညီ မိမိသဘောဆန္ဒအလျောက် အလုပ်ဝင်နေကြတာဖြစ်ပါတယ်။ သို့သော် လုပ်ငန်းခွင်မှာ အလုပ်ရှင် အလုပ်သမား ကုန်ထုတ်လုပ်မှုဆက်ဆံရေးဆိုင်ရာ ဖြစ်စဉ်များအရ အလုပ်ရှင်နဲ့ အလုပ်သမားတို့အကြား သဘောဆန္ဒချင်း မကိုက်ညီတာတွေ၊ အဆင်မပြေတာတွေ ရှိတတ်ကြတာ သဘာဝပါပဲ။

ဒါ့အပြင် **ဒီနေ့ကာလလို ကမ္ဘာလုံးဆိုင်ရာ ငွေကြေးပြဿနာတွေ၊ စီးပွားရေး အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေရတဲ့အချိန်မှာ အလုပ်ရှင် အလုပ်သမား အငြင်းပွားမှု ပြဿနာတွေ ပိုမိုကြီးထွားလာလေ့ရှိတာကိုလည်း တွေ့ရပါတယ်။ နိုင်ငံတကာမှာ အလုပ်ရှင် အလုပ်သမားပြဿနာတွေ ပိုမိုကြုံတွေ့ရင်ဆိုင်လာခဲ့ရသလို ကျွန်တော်တို့နိုင်ငံမှာလည်း အလားတူ အငြင်းပွားမှု၊ တောင်းဆိုမှုအချို့ ဖြစ်ပွားပေါ်ပေါက်ခဲ့တာကို တွေ့ရပါတယ်။ သို့သော် ဒီလိုပေါ်ပေါက်လာတဲ့ အငြင်းပွားမှု၊ တောင်းဆိုမှုတွေကို အလုပ်သမားဝန်ကြီးဌာနအနေနဲ့ တည်ဆဲအလုပ်သမားရေးရာဥပဒေတွေကို ကျောထောက်နောက်ခံပြုပြီး အလုပ်သမားများရဲ့ ဥပဒေပါရပိုင်ခွင့်များ နစ်နာဆုံးရှုံးမှုမရှိရအောင် အောင်မြင်စွာ ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိတာကိုလည်း တွေ့ရပါတယ်။**

အလုပ်သမားများရဲ့ ဥပဒေပါရပိုင်ခွင့်များရရှိရေးနဲ့ အငြင်းပွားမှုများ ပြေလည်စေရေးအတွက် အစိုးရကိုယ်စားပြု မြို့နယ်အလုပ်သမားကြီးကြပ်ရေးကော်မတီ၊ အလုပ်ရှင်ကိုယ်စားလှယ်နဲ့ အလုပ်သမားကိုယ်စားလှယ်တို့ သုံးပွင့်ဆိုင် ညှိနှိုင်းဆွေးနွေး အဖြေရှာတဲ့နည်းကို သုံးပြီး ဖြေရှင်းပေးလျက် ရှိပါတယ်။ သုံးပွင့်ဆိုင် ညှိနှိုင်းဆွေးနွေး အဖြေရှာတဲ့ နည်းလမ်းဟာလည်း တကယ့်ကိုစနစ်ကျပြီး အဆိုပါ မပြေလည်မှုများကို အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ကြောင်း သုံးသပ်တွေ့ရှိနိုင်ပါတယ်။

စက်ရုံ၊ အလုပ်ရုံ အလုပ်သမားများဟာ တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ၊ အားလုံးစုပေါင်းလို့ဖြစ်စေ လိုလားချက်များကို တောင်းဆိုလေ့ရှိကြပါတယ်။ အဲဒီလို တောင်းဆိုလာတဲ့အခါ အစိုးရကိုယ်စားလှယ်ဖြစ်တဲ့ မြို့နယ်အလုပ်သမား ကြီးကြပ်ရေးကော်မတီဟာ တောင်းဆိုတဲ့ အလုပ်သမားများရဲ့ သဘောထားဆန္ဒ တောင်းဆိုချက်တွေကို သိရှိအောင် အရင်ဆုံးထိတွေ့ဆောင်ရွက်ပြီး အဲဒီတောင်းဆိုချက်တွေကို အလုပ်ရှင်ထံ အသိပေး အကြောင်းကြားပါတယ်။ အဲဒီနောက် အလုပ်သမားတွေရဲ့ ဆန္ဒနဲ့ ကိုယ်စားလှယ် ၁၀ဦးကနေ ၅၀အထိ ရွေးချယ်စေပြီး မြို့နယ်အလုပ်သမား ကြီးကြပ်ရေးကော်မတီရှေ့မှောက်မှာ အလုပ်ရှင်နဲ့ သုံးပွင့်ဆိုင် ဆွေးနွေးစေပါတယ်။ အလုပ်သမားတွေရဲ့ တောင်းဆိုချက်တွေနဲ့ ပတ်သက်ပြီး နှစ်ဖက်ကျေနပ်မှုရတဲ့အထိ တစ်ချက်ချင်း အပြန်ပြန်အလှန်လှန် ညှိနှိုင်းဆွေးနွေးရပါတယ်။ ဒီဆွေးနွေးမှုဟာ အဓိကအားဖြင့် အလုပ်သမားတွေရဲ့ တောင်းဆိုချက်အပေါ် အလုပ်ရှင်ရဲ့ ဖြည့်ဆည်းပေးနိုင်မှုကို အလုပ်ရှင်နဲ့ အလုပ်သမားတို့အကြား နှစ်ဖက်သဘောတူညီမှုရရှိအောင် ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ အဲဒီလိုဆွေးနွေးရင်း အလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပါ အကြောင်းအရာများကို အခြေခံပြီး ဥပဒေကြောင်းနဲ့ ပေါင်းစပ်ညှိနှိုင်း ဖျန်ဖြေမှုများလည်း ဆောင်ရွက်ပေးရပါတယ်။

အလုပ်သမားကိုယ်စားလှယ်တွေနဲ့ အလုပ်ရှင်တို့ ညှိနှိုင်းပြီး ပြေလည်ပြီဆိုရင် အလုပ်သမားကိုယ်စားလှယ်တွေက အဲဒီညှိနှိုင်းရရှိချက်တွေကို သက်ဆိုင်ရာအလုပ်သမားအားလုံးကို တစ်ချက်ချင်း ပြန်လည်ချပြ ဆွေးနွေးစေရပါတယ်။ ဆွေးနွေးချက်တွေအပေါ် အလုပ်သမားအားလုံးက ကျေနပ်လက်ခံတဲ့အထိ အလုပ်သမားကိုယ်စားလှယ်အဖွဲ့ဟာ မြို့နယ်အလုပ်သမား ကြီးကြပ်ရေးကော်မတီရှေ့မှောက်မှာ အလုပ်ရှင်နဲ့ အပြန်ပြန်အလှန်လှန် ညှိနှိုင်းကြရပါတယ်။ နောက်ဆုံးမှာ ညှိနှိုင်းမှု ရလဒ်တွေအပေါ် အလုပ်သမားအားလုံးက ကျေနပ်လက်ခံသွားပြီဆိုရင် အလုပ်သမားကိုယ်စားလှယ်များဟာ အလုပ်ရှင်နဲ့ ညှိနှိုင်းမှုသဘော တူညီချက်စာချုပ် (Employment Contract)ကို မြို့နယ်အလုပ်သမား ကြီးကြပ်ရေးကော်မတီရှေ့မှောက်မှာ နှစ်ဖက်လက်မှတ်ရေးထိုး ချုပ်ဆိုကြရပါတယ်။ အဲဒီလိုချုပ်ဆိုရာမှာ အရေးကြီးတဲ့ အချက်တစ်ချက်အနေနဲ့ အလုပ်ရှင်အနေနဲ့ အလုပ်သမားတွေအပေါ် အငြိုးအတေးထားပြီး အပြစ်မရှိဘဲ အလုပ်ကနေ ထုတ်ပယ်ခြင်း မပြုဖို့ဆိုတဲ့အချက်ကိုပါ ထည့်သွင်းချုပ်ဆိုစေရပါတယ်။ အဲဒီနောက် သဘောတူညီချက် စာချုပ်ပါအတိုင်း အလုပ်ရှင်နဲ့ အလုပ်သမားများအားလုံးက လိုက်နာ ဆောင်ရွက်ကြရပါတယ်။ ဒီနေရာမှာ တစ်ချက်သိစေလိုတာက အဲဒီလို သုံးပွင့်ဆိုင်ညှိနှိုင်းမှုပြုနေစဉ်ကာလအတွင်း အလုပ်ရှင်တွေအနေနဲ့ အလုပ်သမားတွေအပေါ် စက်ရုံမှာ အလုပ်လုပ်နေသလိုပဲ တာဝန်ချိန် (On Duty) သတ်မှတ်ပြီး လုပ်ခကြေးငွေပေးစေတာကို တွေ့ရပါတယ်။

ဒါဟာ ကျွန်တော်တို့နိုင်ငံမှာ အလုပ်ရှင် အလုပ်သမား ပဋိပက္ခပြဿနာနဲ့ပတ်သက်ပြီး အမှန်တကယ် ဖြေရှင်းဆောင်ရွက်နေတဲ့ လုပ်ထုံးလုပ်နည်းတွေ ဖြစ်ပါတယ်။ လက်တွေ့နယ်ပယ်မှာလည်း ဒီကျင့်ထုံးအတိုင်းပဲ စနစ်တကျ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိတဲ့အတွက် မပြေလည်တဲ့ပြဿနာ၊ ညှိနှိုင်းလို့မရတဲ့ ပဋိပက္ခဆိုတာ တစ်ခုမှ မရှိခဲ့ပါဘူး။ အားလုံးကို ကျေကျေနပ်နပ် ပြေပြေလည်လည် ငြိမ်းငြိမ်းချမ်းချမ်းဖြစ်အောင် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့တာကို တွေ့ရပါတယ်။

တကယ်တမ်းကျတော့ အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုပြဿနာတွေဟာ အခုအချိန်ကျမှ ထူးထူးခြားခြား တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ပေါ်လာတဲ့ ပဋိပက္ခမျိုး မဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှု၊ အလုပ်သမားအခွင့်အရေး တောင်းဆိုမှုပြဿနာတွေ နှစ်စဉ်နှစ်တိုင်း ရှိခဲ့တာကို တွေ့နိုင်ပါတယ်။ မှတ်တမ်းတွေအရ ပြန်ကြည့်မယ်ဆိုရင် နှစ်အလိုက် ပြဿနာတွေ အနည်းနဲ့ အများဆိုသလို ရှိခဲ့တာကိုလည်း တွေ့ရပါတယ်။ အခု ၂၀၁၀ခုနှစ် မတ်လအထိ ကာလအတွင်းမှာလည်း နည်းနည်းပါးပါး ရှိခဲ့ပါတယ်။ သို့သော် ဒီနှစ်ပိုင်းကာလအတွင်း အလုပ်သမားဖြစ်စဉ်များဟာ အခါတိုင်းနှစ်များနဲ့ နှိုင်းယှဉ်ရင် ထူးထူးခြားခြား မဟုတ်လှကြောင်း ထင်ရှားစွာ တွေ့ရှိနိုင်ပါတယ်။ အငြင်းပွားတောင်းဆိုမှုတိုင်းကို အပြည့်ပြည့်ဆိုင်ရာ စံနှုန်းများနဲ့အညီ သုံးပွင့်ဆိုင် ညှိနှိုင်းဆွေးနွေး ဖြေရှင်းပေးနိုင်ခဲ့တဲ့အတွက် နှစ်ဖက်ကျေနပ်မှုရရှိပြီး စက်ရုံ၊ အလုပ်ရုံများရဲ့ ကုန်ထုတ်လုပ်ငန်းခွင်များ အားလုံးဟာ တည်ငြိမ်အေးချမ်းလျက်ရှိတာကို လက်တွေ့မျက်မြင် သိရှိနိုင်ပါတယ်။

ဒါကိုပဲ တည်ဆဲအစိုးရအပေါ် အဆိုးမြင်ဝါဒနဲ့ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေးကိုသာ အစဉ်တစိုက် ကိုင်စွဲကျင့်သုံးလာခဲ့တဲ့ နိုင်ငံရေးပါတီကြီးတစ်ခုက "အစိုးရရဲ့ အလုပ်သမားဝန်ကြီးဌာနဟာ အုပ်ချုပ်မှုအာဏာကို အသုံးပြု၍ အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်စလုံးသို့ ဖျန်ဖြေမှုကို အတင်းအကျပ် လက်ခံစေခြင်းဖြင့် ပဋိပက္ခကို ဖြေရှင်းခဲ့ပါသည်" ဆိုပြီး သူတို့ရဲ့ အထူးကြေညာချက်တစ်ရပ်မှာ ဖော်ပြပြစ်တင်ဝေဖန်ခဲ့ပါတယ်။ ဒါဟာ တကယ်တမ်း လက်တွေ့နယ်ပယ်မှာ စနစ်တကျအောင်မြင်စွာ ဖြေရှင်းဆောင်ရွက် ပေးနေမှုတွေအပေါ် မသိကျိုးကျွန်ပြုပြီး တစ်ဖက်သတ် ဝေဖန်ထိုးနှက် တိုက်ခိုက်ခြင်းသာ ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် အလုပ်သမားဝန်ကြီးဌာနအနေနဲ့ လုပ်ထုံးလုပ်နည်းနဲ့အညီ ဘယ်လို အဆင့်ဆင့် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးနေတယ်ဆိုတာကို ပြည်သူအားလုံး သိမြင်နားလည်နိုင်အောင် ရှင်းလင်းတင်ပြရခြင်း ဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီ အထူးကြေညာချက်ထဲမှာ မြန်မာနိုင်ငံမှာ လွတ်လပ်စွာ စည်းရုံးဖွဲ့စည်းခွင့်မရှိတဲ့အတွက် အလုပ်သမားတွေဟာ အခွင့်အရေးတွေဆုံးရှုံးပြီး ရက်စက်စွာ ခေါင်းပုံဖြတ်ခံနေကြရတယ်လို့ ဆိုထားပါသေးတယ်။ ဒါဟာ အလုပ်သမားထုကို မြှောက်ပင့်သွေးထိုးပြီး မကျေနပ်မှုတွေ၊ ဆူပူအုံကြွမှုတွေ ဖြစ်ပေါ်လာအောင် မီးလောင်ရာလေပင့်ဖို့ ကြိုးပမ်းခြင်းသာ ဖြစ်ပါတယ်။ **လုပ်ငန်းခွင်ဆက်ဆံရေးသဘာဝအရ နိုင်ငံတိုင်းမှာ ဖြစ်ပေါ်လေ့ရှိတဲ့ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုပြဿနာလေးတွေကိုပဲ ယခုလို ၂၀၁၀ခုနှစ် ရွေးကောက်ပွဲကာလနဲ့ တိုက်ဆိုင်ပြီး ထူးထူးခြားခြား ဖြစ်ပွားပေါ်ပေါက်လာသယောင် ပုံကြီးချဲ့ ဝါဒဖြန့်ရင်း တစ်ဖက်ကလည်း အလုပ်သမားထုအတွင်း ဆူပူလှုပ်ရှားမှုတွေ ဖြစ်လာအောင် သွေးထိုးလှုံ့ဆော်နေခြင်းဟာ ဘယ်လိုမှ မဖြစ်သင့်တာ အမှန်ပါပဲ။**

ဒီလို သွေးထိုးလှုံ့ဆော်မှုတွေကို သုံးသပ်ကြည့်ရင် ဆန့်ကျင်ဘက်အုပ်စုတွေအနေနဲ့ အာဏာမျက်နှာတစ်ခုတည်းကိုကြည့်ပြီး လူပုဂ္ဂိုလ်အကျိုးစီးပွား၊ ပါတီအစုအဖွဲ့ အကျိုးစီးပွားအတွက် နိုင်ငံနဲ့ ပြည်သူ့အရေးကို မျက်နှာလွှဲပစ်လိုက်ဖို့ ဝန်လေးမှာ မဟုတ်ဘူးဆိုတာ ကျွန်တော်တို့ ပြည်သူအားလုံး သိမြင်နားလည်ထားကြရမှာ ဖြစ်ပါတယ်။ ဒီလို သိမြင်နားလည်တာနဲ့အမျှ နိုင်ငံတော်အတွင်း ရရှိပြီးဖြစ်တဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်တွေ နှောင့်နှေး

လုပ်ငန်းခွင် ဆ
သဘာဝအရ နိုင်
ဖြစ်ပေါ်လေ့ရှိတဲ့ အ
အလုပ်သမား အ
ပြဿနာလေးတွေကို
၂၀၁၀ခုနှစ် ရွေး
ကာလနဲ့ တိုက်ဆိုင်ပြီ
ခြားခြား ဖြစ်ပွားပေါ်
သယောင် ပုံကြီးချဲ့
တစ်ဖက်ကလည်း အ
ထုအတွင်း ဆူပူလှု
ဖြစ်လာအောင် သွေး
နေခြင်းဟာ ဘယ်လ
သင့်တာ အမှန်ပါပဲ။

ပျက်ပြားသွားအောင်၊ မူဝါဒလမ်းစဉ် (၇)ရပ်
ခုနှစ် ရွေးကောက်ပွဲလုပ်ငန်းစဉ်ပျက်စီးသွား
ကြိုးပမ်းမှုမှန်သမျှကိုလည်း နိုင်ငံတော်၊ ပြည်
ပေါင်းစည်းညီညွတ်မှု စွမ်းအားနဲ့ ဝိုင်းဝန်းဆ
ရမှာသာ ဖြစ်ပါတယ်။

တကယ်တမ်း နိုင်ငံတော်မှာ ဘယ်လို
ဖြစ်စေ နိုင်ငံတော်ကြီး အေးချမ်းသာယာနေပြီး
အရှိန်အဟုန် မြင့်မားနေဖို့သာ အဓိကဖြစ်ပါ
တိုးတက်မှုလုပ်ငန်းဆိုတာမျိုးဟာလည်း ရည်
မှာ ရပ်တန့်သွားရတာမျိုးမဟုတ်ဘဲ ဆင့်ကဲဆ
နေအောင် လုပ်ကိုင်ဆောင်ရွက်ရမယ့် လုပ်
ဒါကြောင့် ကျွန်တော်တို့ ပြည်သူတွေအနေနဲ့
ကြီး စီးပွားဖြစ်ထွန်းပြီး စဉ်ဆက်မပြတ် ခေ
အောင် ဆတက်ထမ်းပိုး ကြိုးပမ်းတည်ဆောက်
နိုင်ငံရေးတည်ငြိမ်မှုရှိအောင်၊ ရပ်ရွာအေးချ
ဥပဒေစိုးမိုးမှုရှိအောင် ပူးပေါင်းဆောင်ရွက်သွား
ဒါမှသာ ကျွန်တော်တို့ ပြည်သူတွေအားလုံး စိုး
စိတ်အေးချမ်းသာစွာနဲ့ ပရိယေသနဝမ်းစ
မြင့်မားတဲ့ လူမှုစီးပွားဘဝကို ရောက်ရှိနိုင်ကြ

နိဂုံးချုပ်အနေနဲ့ ပြောရရင် အလုပ်ရှင်၊
ဆိုတာ နိုင်ငံတိုင်းမှာရှိနေပြီး နောင်လည်းရှိ
ဆက်ဆံရေးပြဿနာသာ ဖြစ်ပါတယ်။ ဒီပြ
ဖြေရှင်းနိုင်ဖို့အတွက် စည်းကမ်းနည်းလမ်း
လက်တွေ့မှာလည်း အောင်မြင်စွာ ညှိနှိုင်း
လျက်ရှိပါတယ်။ အလုပ်သမားထုဟာ နိုင်င
အရေးပါတဲ့ လူထုလူတန်းစားတစ်ရပ်ဖြစ်
ကလည်း သက်ဆိုင်ရာဥပဒေများနဲ့အညီ အ
ကာကွယ်ပေးလျက်ရှိတာကို တွေ့နိုင်ပါတ
သမားထုအပါအဝင် ပြည်သူများအနေနဲ့
ဆန့်ကျင်ဘက်အုပ်စုများရဲ့ တစ်ဖက်သတ် သ
တွေကို နားမယောင်ကြဘဲ တစ်မျိုးသားလုံးရဲ့
ပန်းတိုင်ဖြစ်တဲ့ အေးချမ်းသာယာပြီး ခေတ်မီ
ကရေစီနိုင်ငံတော်သစ်ကြီးဆီကို ချစ်ကြည်
အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ကျရာအခန်း
တာဝန် ကျေပွန်ရှက်ထမ်း ရှေ့ဆက်လှမ်း
ဆန္ဒပြုတင်ပြလိုက်ရပါတယ်။ ။

လုပ်ငန်းခွင် ဆက်ဆံရေး သဘာဝအရ နိုင်ငံတိုင်းမှာ ဖြစ်ပေါ်လေ့ရှိတဲ့ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှု ပြဿနာလေးတွေကိုပဲ ယခုလို ၂၀၁၀ခုနှစ် ရွေးကောက်ပွဲ ကာလနဲ့ တိုက်ဆိုင်ပြီး ထူးထူးခြားခြား ဖြစ်ပွားပေါ်ပေါက်လာ သယောင် ပုံကြီးချဲ့ ဝါဒဖြန့်ရင်း တစ်ဖက်ကလည်း အလုပ်သမားထုအတွင်း ဆူပူလှုပ်ရှားမှုတွေ ဖြစ်လာအောင် သွေးထိုးလှုံ့ဆော်နေခြင်းဟာ ဘယ်လိုမှ မဖြစ်သင့်တာ အမှန်ပါပဲ။

ပျက်ပြားသွားအောင်၊ မူဝါဒလမ်းစဉ် (၇)ရပ် ဖော်ဆောင်မှုနဲ့ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲလုပ်ငန်းစဉ်ပျက်စီးသွားအောင် အခုလို ကြံစည်ကြိုးပမ်းမှုမှန်သမျှကိုလည်း နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော်တို့ရဲ့ ပေါင်းစည်းညီညွတ်မှု စွမ်းအားနဲ့ ဗိုင်းဝန်းဆန့်ကျင် ဖယ်ရှားသွားကြရမှာသာ ဖြစ်ပါတယ်။

တကယ်တမ်း နိုင်ငံတော်မှာ ဘယ်လိုစနစ်ကို ကျင့်သုံးသည်ဖြစ်စေ နိုင်ငံတော်ကြီး အေးချမ်းသာယာနေပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်မားနေဖို့သာ အဓိကဖြစ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဆိုတာမျိုးဟာလည်း ရည်မှန်းချက် တစ်နေရာရာမှာ ရပ်တန့်သွားရတာမျိုးမဟုတ်ဘဲ ဆင့်ကဲဆင့်ကဲ အမြဲတမ်းရှင်သန်နေအောင် လုပ်ကိုင်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်သာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်သူတွေအနေနဲ့ အမိမြန်မာနိုင်ငံတော်ကြီး စီးပွားဖြစ်ထွန်းပြီး စဉ်ဆက်မပြတ် ခေတ်မီဖွံ့ဖြိုးတိုးတက်နေအောင် ဆတက်ထမ်းပိုး ကြိုးပမ်းတည်ဆောက်ရင်း တစ်ဖက်ကလည်း နိုင်ငံရေးတည်ငြိမ်မှုရှိအောင်၊ ရပ်ရွာအေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးမှုရှိအောင် ပူးပေါင်းဆောင်ရွက်သွားကြရမှာပဲ ဖြစ်ပါတယ်။ ဒါမှသာ ကျွန်တော်တို့ ပြည်သူတွေအားလုံး စိုးရိမ်ကြောင့်ကြမှုကင်းပြီး စိတ်အေးချမ်းသာစွာနဲ့ ပရိယေသနဝမ်းစာကို ရှာမှီးပွားစီးပြီး မြင့်မားတဲ့ လူမှုစီးပွားဘဝကို ရောက်ရှိနိုင်ကြမှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောရရင် အလုပ်ရှင်၊ အလုပ်သမား ပဋိပက္ခဆိုတာ နိုင်ငံတိုင်းမှာရှိနေပြီး နောင်လည်းရှိနေဦးမယ့် လုပ်ငန်းခွင်ဆက်ဆံရေးပြဿနာသာ ဖြစ်ပါတယ်။ ဒီပြဿနာတွေကို ညှိနှိုင်းဖြေရှင်းနိုင်ဖို့အတွက် စည်းကမ်းနည်းလမ်းတွေ ရှိပြီးဖြစ်သလို လက်တွေ့မှာလည်း အောင်မြင်စွာ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလုပ်သမားထုဟာ နိုင်ငံတော်အတွက် အဓိကအရေးပါတဲ့ လူထုလူတန်းစားတစ်ရပ်ဖြစ်တဲ့အတွက် နိုင်ငံတော်ကလည်း သက်ဆိုင်ရာဥပဒေများနဲ့အညီ အပြည့်အဝ စောင့်ရှောက်ကာကွယ်ပေးလျက်ရှိတာကို တွေ့နိုင်ပါတယ်။ ဒါကြောင့် အလုပ်သမားထုအပါအဝင် ပြည်သူများအနေနဲ့ ကိုယ်ကျိုးရှာ ပုဆိန်ရိုးဆန့်ကျင်ဘက်အုပ်စုများရဲ့ တစ်ဖက်သတ် သပ်လျှိုသွေးထိုး လှုံ့ဆော်မှုတွေကို နားမယောင်ကြဘဲ တစ်မျိုးသားလုံးရဲ့ အနာဂတ်ရည်မှန်းချက်ပန်းတိုင်ဖြစ်တဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီကို ချစ်ကြည်ခိုင်မြဲ ရွှေလက်တွဲရင်း အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ကျရာအခန်းကဏ္ဍကနေ သမိုင်းပေးတာဝန် ကျေပွန်ရွက်ထမ်း ရှေ့ဆက်လှမ်းနိုင်ကြပါစေကြောင်း ဆန္ဒပြုတင်ပြလိုက်ရပါတယ်။ ။

* *ကျော့ဖုံးမှ*

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Chen Deming ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Ye Dabo လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Chen Deming **အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်အတွင်းရှိ ရပ်ကွက် ကျေးရွာများမှ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ် ခွဲစိတ်ကုသခြင်း အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၃၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် ယနေ့နံနက် ၈နာရီခွဲတွင် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ပြည်သူ့ဆေးရုံ၌ တံတားဦးမြို့နယ် စေတနာရှင် အလှူရှင်များ စုပေါင်းလှူဒါန်းကျင်းပသည့် တံတားဦးမြို့နယ် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ် ခွဲစိတ်ကုသခြင်းနှင့် မျက်မှန်တပ်ဆင်ပေးခြင်း အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး မျက်စိဝေဒနာရှင်များအား မျက်မှန်တပ်ဆင်ပေးသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မျက်စိအထူးကုဆရာဝန်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ မျက်စိဝေဒနာရှင်များနှင့်ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက အမှာစကားပြောကြားရာ၌ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ အလှူရှင်များ၏ စေတနာထက်သန်စွာလှူဒါန်းမှု၊ ဒေသခံအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများနှင့် မျက်စိအထူးကုဆရာဝန်ကြီးများသည် ဆေးရုံ၊ ဆေးခန်းကိုလာကြသော မျက်စိဝေဒနာရှင်များသာမကဘဲ မြန်မာနိုင်ငံ အနှံ့အပြား ကွင်းဆင်းသွားရောက်ပြီး မျက်စိခွဲစိတ်ကုသပေးခြင်း၊ မျက်မှန်များ တပ်ဆင်ပေးခြင်းများ အားလုံးမြင်တွေ့ ကြားသိနေကြမည် ဖြစ်ကြောင်း။

ဒုတိယအကြိမ်

မန္တလေးတိုင်းတွင်လည်း ဒေသအတော်များများ အခမဲ့ခွဲစိတ်ကုသမှု၊ မျက်မှန် တပ်ဆင်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျောက်ဆည်ခရိုင်အတွင်း ယခုအကြိမ်သည် ဒုတိယအကြိမ်ခွဲစိတ်ကုသပေးခြင်းဖြစ်ကြောင်း၊ ပထမအကြိမ်အနေဖြင့် ကျောက်ဆည်ဆေးရုံကြီး၌ ကုသပေးခဲ့ပြီး ယခု တံတားဦးမြို့နယ်မှ မျက်စိဝေဒနာရှင်များအား ဒုတိယအကြိမ် ကုသဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။

ယခုကဲ့သို့ အစစအရာရာ အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများ၏ စီစဉ်ပံ့ပိုးမှုများကို ရယူပြီး တိုင်း၊ ခရိုင်၊ မြို့နယ်အာဏာပိုင် အဖွဲ့အစည်းများ၏ ကူညီမှုများနှင့် ပူးပေါင်းကာ အင်တိုက်အားတိုက် ပါဝင်မှုများနှင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှု၊ စေတနာရှင် အလှူဒါနပြုသူများ၏ ပါဝင်ကူညီမှုများနှင့် တံတားဦးဒေသအပါအဝင် နိုင်ငံတစ်ဝန်းလုံးမှ မျက်စိဝေဒနာရှင်များမှာ စက္ခုအမှောင်ကို ဖယ်ရှားပြီး အလင်းခေတ်များရလာကြရာ "အမြင်သန်စွမ်း၊ ဒို့အခွင့်အလမ်း၊ ခရစ်နှစ် ၂၀၂၀အရောက်လှမ်း" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မျက်စိဝေဒနာရှင်များ လျော့နည်းသွားတော့မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် မျက်စိဝေဒနာရှင်များနှင့် ဒေသခံပြည်သူများကိုယ်စား မြို့မိမြို့ဖ တစ်ဦးက မျက်စိအခမဲ့စမ်းသပ်ခွဲစိတ်ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက မြို့နယ်ပြည်သူ့ဆေးရုံ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများအတွက် ဆိုလာ LED မီးအိမ်များကို မြို့နယ်ပြည်သူ့ဆေးရုံ ဆရာဝန်ထံပေးအပ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး မျက်စိစမ်းသပ်ပြီးသည့် ဝေဒနာရှင်များအား မျက်မှန် တပ်ဆင်ပေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ မျက်စိအခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးကြမည့် ဆရာဝန်ကြီးများနှင့် သူနာပြုဆရာမများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

မျက်မှန်တပ်ဆင်ပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက မျက်စိစမ်းသပ်ပြီးသည့် ဝေဒနာရှင်များအား မျက်မှန်တပ်ဆင်ပေးသည်။

ဆက်လက်၍ ဝန်ကြီး ဦးသောင်းနှင့် တာဝန်ရှိသူများက ဝေဒနာရှင်များအား မျက်မှန်တပ်ဆင်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မျက်စိဝေဒနာရှင်များအား ခေတ်မီစက်ဖြင့် မျက်ကပ်မှန် ပါဝါတိုင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ခွဲစိတ်ခန်းအတွင်း မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး ခွဲစိတ်မည့် လူနာများအား အားပေးစကား ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးသည် တိုးချဲ့လူနာဆောင် တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယခု အခမဲ့ မျက်စိစမ်းသပ်ခွဲစိတ်ကုသမှု လုပ်ငန်းများကို ကျောက်ဆည်ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်စန်းစန်းနွဲ့ ဦးဆောင်၍ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့မှ မျက်စိဆရာဝန်ကြီးများက မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးမည်ဖြစ်ပြီး အဆိုပါ ခွဲစိတ်မှုကို မတ် ၃၀ရက်နှင့် ၃၁ ရက်တို့တွင် စမ်းသပ်ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကာ မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်နှင့် ကျေးရွာပေါင်း ၃၂ ရွာတို့မှ မျက်စိဝေဒနာရှင် ၁၂၃ ဦးတို့အား ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်းနှင့် မျက်မှန်လိုအပ်သည့် ပုဂ္ဂိုလ် ၃၆၁ ဦးတို့အား မျက်မှန်အခမဲ့ စမ်းသပ်တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး မျက်စိခွဲစိတ်မည့် လူနာများအား အားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

31-3 (08-09).pmd 2 3/31/2010, 2:41 AM

နိုင်ငံတော်၏ ဖွံ့ဖြိုးမှုပုံရိပ်ဖြစ်သည့်
တာချီလိတ်လေဆိပ်သို့ လေ့လာရေးတစ်ခေါက်

သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ ➤ ဓာတ်ပုံမှတ်တမ်း-လေးနွယ်(မင်္ဂလာဒုံ) ➤ စာမျက်နှာဖွဲ့စည်းမှု-မိုးမိုးအောင်(မြန်မာ့အလင်း)

နေပြည်တော် မတ် ၃၀

ကနုတ်ပန်းများဖြင့် လှပစွာတည်ဆောက်ထားသော တာချီလိတ်လေဆိပ်။ အစိမ်းရင့်ရောင်အမိုးများကြောင့် လေဆိပ်အဆောက်အအုံသည် တည်ငြိမ်ခံ့ညားလျက်ရှိသည်။ လေဆိပ်အဆောက်အအုံခန်းမအတွင်း ခရီးသည်များဖြင့် စည်ကားလျက်။ မကြာမီ ကျိုင်းတုံမှပျံသန်းလာသော လေယာဉ်ဆိုက်ရောက်တော့မည်။

ကမ္ဘာလှည့်

လေယာဉ်အင်ဂျင်သံကို ဝေဟင်ထက်မှကြားရပြီး စက္ကန့်ပိုင်းအတွင်းမှာပင် တာချီလိတ်လေယာဉ်ကွင်း၏ လေယာဉ်ပြေးလမ်းပေါ်သို့ လေယာဉ်ဆိုက်ရောက်လာသည်။ ပြေးလမ်းအတိုင်း အရှိန်ဖြင့် မောင်းနှင်လာသော လေယာဉ်သည် လေဆိပ်အဆောက်အအုံရှေ့၌ ရပ်လိုက်ပြီး မကြာမီ ခရီးသည်များ လေယာဉ်ပေါ်မှ ဆင်းလာသည်။ ဧည့်သည်များ၊ လာကြိုသူများနှင့် လေဆိပ်အတွင်း စည်ဝေလျက်ရှိသလို လေယာဉ်ဖြင့် လိုက်ပါမည့် ခရီးသည်များနှင့် ကမ္ဘာလှည့်ခရီးသွားအုပ်စုများကိုလည်း တွေ့ရသည်။ နိုင်ငံတစ်ဝန်းနယ်စပ်ဒေသများသို့ လေယာဉ်ခရီးစဉ်များ ပုံမှန်ပျံသန်းပေးနေသလို ပြည်တွင်းပြည်ပခရီးသွားများကလည်း လေယာဉ်ခရီးစဉ်တိုင်း ပြည့်ကျပ်လျက် စိတ်အေးချမ်းသာစွာ သွားလာနေမှုကို ကြည်နူးဖွယ်ရာ မြင်တွေ့ရသည်။ လေဆိပ်အဆောက်အအုံနှင့် လေယာဉ်ပြေးလမ်းများမှာ သန့်ရှင်းသပ်ရပ်ကာ အမြင်ရှင်းလျက်ရှိသည်။ လေဆိပ်နှင့်ပတ်သက်ပြီး လေဆိပ်တာဝန်ခံ ဦးဌေးအောင်က **“တာချီလိတ်လေဆိပ်ရဲ့ မူလပြေးလမ်းက အရှည် ပေ ၄၇၅၀နဲ့ အကျယ်ပေ ၁၀၀ရှိတယ်။ ၁၉၉၆ ခုနှစ် နိုဝင်ဘာ ၁၄ရက်မှာ လေယာဉ်ပြေးလမ်း အရှည် ပေ၇၀၅၀နဲ့ အကျယ် ပေ ၁၀၀ အထိ တိုးချဲ့အသုံးပြုနိုင်ခဲ့ပါတယ်။ တာချီလိတ်လေယာဉ်ကွင်းဟာ အလေးချိန်ပေါင် ၇၃၀၀၀ရှိတဲ့လေယာဉ်ကြီးတွေ ဆင်းသက်နိုင်ပါတယ်”**ဟု သတင်းအဖွဲ့သို့ ရှင်းပြသည်။

သန့်ရှင်းသပ်ရပ်

တာချီလိတ်လေဆိပ် အဆောက်အအုံကို အသစ်မွမ်းမံတည်ဆောက်ထားသည်ဖြစ်ရာ သန့်ရှင်းသပ်ရပ်လျက်ရှိသည်။ လေဆိပ်ရှေ့ ကားရပ်နားဝင်းကလည်း ကျယ်ဝန်းကာ ပန်းများ၊ အလှပင်များနှင့်

“ပွင့်လင်းရာသီတွေမှာ ခရီးသည် သွားလာမှု ပိုများတတ်ပါတယ်”
ဦးဌေးအောင်
လေဆိပ်တာဝန်ခံ။

အထူးဧည့်သည်တော်များ နားနေဆောင်၊ ခရီးသည်ဆိုက်ရောက်ဆောင်၊ ခရီးသည်ထွက်ခွာဆောင်၊ စစ်ဆေးရေးနှင့် လေကြောင်းလိုင်း ကောင်တာခန်းမများနဲ့

တာချီလိတ်လေဆိပ်မှတစ်ဆင့် ပြည်တွင်းခရီးစဉ်များ ဆက်လက်သွားရောက်ကြမည့် ကမ္ဘာလှည့်ခရီးသွားများကို ဤသို့ တွေ့ရသည်မှာ….။

တာချီလိတ်လေဆိပ်သည် တာချီလိတ်မြို့ အရှေ့မြောက်ဘက် ငါးမိုင်ခန့်အကွာ ဟောင်လိတ်ကျေးရွာအုပ်စုအနီး တည်ရှိသည်။ လေဆိပ်ဧရိယာ အကျယ်အဝန်းမှာ ၁၉၄ ဒသမ ၇၉၇ဧကရှိပြီး လေယာဉ်ပြေးလမ်းကို နိုင်လွန်ကတ္တရာခင်းထား ထင်းရှူးပင်များကို အမြင်လှပစွာမြင်တွေ့ရသည်။ နေ့စဉ် သန့်ရှင်းရေးဆောင်ရွက်ထားသဖြင့် အမှိုက်များလည်း ကင်းစင်လျက်ရှိသည်။

“တာချီလိတ်လေဆိပ် အဆောက်အအုံတွေအနေနဲ့ လေကြောင်းထိန်းမျှော်စင်၊ စုဖွဲ့တည်ဆောက်ထားပါတယ်။ လေဆိပ်အဆောက်အအုံရဲ့ အကျယ်အဝန်းကတော့ အလျား ပေ ၃၀၀၊ အနံ ပေ ၈၀ရှိပါ

တယ်”ဟု လေဆိပ်တာဝန်ခံ ဦးဌေးအောင်က ဆက်လက်ရှင်းပြသည်။

သက်သောင့်သက်သာ

ခရီးသည် ဆိုက်ရောက်ထွက်ခွာဆောင်ခန်းမအတွင်း ထိုင်ခုံများကို အစီအရီ ညီညာလှပစွာ ခင်းကျင်းထားသည့်အပြင် ရုပ်မြင်သံကြားအစီအစဉ်များ ပြသပေးထားသဖြင့် ခရီးသည်များ သက်သောင့်သက်သာစွာ နားနေကြည့်ရှုနိုင်ကြသည်။ စားသောက်ဆိုင်များလည်း ဖွင့်လှစ်ပေးထားသလို လုံခြုံရေးအတွက် ရောင်ခြည်ဖြင့် စစ်ဆေးစက်ကိုလည်း ထားရှိအသုံးပြုထားသည်ကို တွေ့ရသည်။

“တာချီလိတ်လေဆိပ်က နေ့စဉ် လေယာဉ်အဆင်းအတက်ရှိတယ်။ မြန်မာ့လေကြောင်းလိုင်း၊ အဲမန္တလေးလိုင်း၊ အဲပုဂံလိုင်းနဲ့ ရန်ကုန်အဲဝေးလိုင်းတွေက ခရီးသည်လေယာဉ်တွေ နေ့တိုင်း အဆင်းအတက်ရှိတယ်။ လေယာဉ်ခရီးစဉ်တိုင်းမှာလည်း ခရီးသည်အပြည့်ပါပဲ။ အထူးသဖြင့် ပွင့်လင်းရာသီတွေဆိုရင် ကမ္ဘာလှည့်ခရီးသွားတွေ သွားလာမှု ပိုမိုများတယ်။ လေကြောင်းခရီးစဉ်တွေကတော့ တာချီလိတ်-ဟဲဟိုး၊ တာချီလိတ်-မန္တလေး၊ တာချီလိတ် - ရန်ကုန်၊ တာချီလိတ်-ကျိုင်းတုံ - ဟဲဟိုး - မန္တလေး - ရန်ကုန် ခရီးစဉ်တွေကို ပျံသန်းပေးနေပါတယ်”ဟု ဦးဌေးအောင်က ထပ်မံရှင်းပြသည်။

အလွယ်တကူ

တာချီလိတ်လေဆိပ်သည် ခရီးသည်အဆင်းအတက်များသော လေဆိပ်ဖြစ်သည်။ တာချီလိတ်လေဆိပ်မှ တစ်ဆင့် နိုင်ငံတစ်ဝန်းသို့ လေကြောင်းခရီးဖြင့် အချိန်တိုအတွင်း အလွယ်တကူ သွားလာနိုင်မှုကို သိရှိရသဖြင့် ပီတိဖြစ်ရသည်။

ဖွံ့ဖြိုးတိုးတက်မှု

တာချီလိတ်လေဆိပ်အတွင်း လိုက်လံလေ့လာပြီးနောက် ပြန်လည်ထွက်ခွာခဲ့သည်။ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းနေမှုကြောင့် ခရီးသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုများ သွက်လက်မြန်ဆန်လာပြီဖြစ်သလို ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များကိုလည်း နေရာတိုင်း၌ တွေ့မြင်ရပြီဟု အပြန်ခရီးတစ်လျှောက် တွေးတောနေမိပါတော့သည်။ ။

(မြန်မာ့အလင်း)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်လေဆိပ်အဆောက်အအုံရှေ့ ကားရပ်စခန်းနှင့် ပန်းအလှပင်များ စိုက်ပျိုးထားမှုကလည်း တွေ့မြင်ရသူများအတွက် ဤသို့ ဆွဲဆောင်မှုအပြည့်….။

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် မတ် ၃၀

ဖလမ်းစည်ပင်သာယာ ရေပိုက်လိုင်းများပြုပြင်

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးကို အစဉ်တစိုက်ဆောင်ရွက်လျက်ရှိရာ ဖလမ်း-ဟားခါးလမ်းကြား မိုင်တိုင် ၈၉/၂ နေရာတွင် ပင်မပိုက်လိုင်းပျက်စီးနေမှုကို မတ် ၂၆ရက်က အမှုဆောင်အရာရှိ ဦးထလာဟရဲ၏ ဦးဆောင်မှုဖြင့် အဖွဲ့ဝင်ထမ်းများပြုပြင်ခဲ့ကြသည်။

(ခရိုင် ပြန်/ဆက်)

ဆေးတက္ကသိုလ်ကျောင်းသားများ လက်ပံတန်းသို့ကွင်းဆင်း

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့နယ် ကျန်းမာရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် မကွေးဆေးတက္ကသိုလ် နောက်ဆုံးနှစ် အပိုင်း(က)မှ ကျောင်းသား ၁၀ဦးသည် ကျန်းမာရေးဝန်ထမ်းများနှင့်လိုက်ပါလျက် မတ် ၁၇ရက်မှစတင်၍ လက်ပံတန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်အသင်းသို့ လည်းကောင်း၊ သာရဝေါတိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနများသို့ လည်းကောင်း ကွင်းဆင်းလေ့လာကြသည်။

(၁၇၅)

ကြံခင်းစည်ပင်သာယာ အရိပ်ရပင်များစိုက်ပျိုး

ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများစုပေါင်း၍ မြို့ဝင်ဆိုင်းဘုတ်အသစ်ရှိ မြေနေရာတွင် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ အရိပ်ရပင်များစိုက်ပျိုးခြင်းနှင့် မြေယာရှင်းအလှပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို မတ် ၄ရက်က အမှုဆောင်အရာရှိ ဦးအောင်သက်ရှည် ကြီးကြပ်ဆောင်ရွက်ပေးသည်။ (မြို့နယ်စည်ပင်)

မြင်းခြံ၌ ကျန်းမာရေးအသိပညာပေးဟောပြော

မြင်းခြံခရိုင် ကျန်းမာရေးအထူးကုအဖွဲ့နှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့၏ ကျန်းမာရေးပညာပေးဟောပြောပွဲကို မတ် ၁၄ရက် နံနက် ၉နာရီက မြင်းခြံမြို့နယ် တပ်ရွာကျေးရွာ၌ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဌေးဌေးက အမှာစကားပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

မိုးကောင်း၌ လမ်းကပ်တုံးများ ဆေးသုတ်မွမ်းမံ

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မိုးကောင်းမြို့ သာယာလှပရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အငယ်တန်း အင်ဂျင်နီယာ-၂ (မြို့ပြ) ဦးညီညီထွန်းနှင့် ဝန်ထမ်းများ ဖေဖော်ဝါရီ ၉ရက်က နဝဒေး၊ အောင်ဆန်းနှင့် ပြည်ထောင်စုလမ်းဘေးကပ်တုံးများ ဆေးသုတ်မွမ်းမံအလှဆင်မှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ကြီးကြပ်ဆောင်ရွက်ပေးသည်။ (၀၀၁)

ဗန်းမော်၌ စက်ရေတွင်းတူးဖော်ဆောင်ရွက်

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော (၂) မိုင်-အောင်သာကျေးရွာ နှစ်လက်မ စက်ရေတွင်း တူးဖော်ဆောင်ရွက်နေမှုကို မတ် ၈ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦး ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးထွန်းလတ်မောင်က လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

မိတ္ထီလာစည်ပင်သာယာဈေး၌ မီးဘေးကာကွယ်ရေးသရုပ်ပြ

မိတ္ထီလာမြို့ စည်ပင်သာယာရေးဈေးကြီးအတွင်း၌ မတ် ၁၄ ရက် နံနက် ၉ နာရီက လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြပွဲကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးကြီးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်သရုပ်ပြသရာသို့ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဆွေ နှင့်တာဝန်ရှိသူများ တက်ရောက်ကြီးကြပ်ပေးကြသည်။

(ခရိုင် ပြန်/ဆက်)

ပုလော၌ ကျောက်စီကမ်းကပ်တံတားတည်ဆောက်

ပုလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်းဆောင်ရွက်သော အမှတ်(၂)ရပ်ကွက် ခရေပင်လမ်းနှင့် မြဝတီလမ်းပေါ်ရှိ ကျောက်စီကမ်းကပ်သစ်သားတံတား တည်ဆောက်မှုအခြေအနေကို မတ် ၂ ရက်က အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဇော်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးသည်။

(မြို့နယ်စည်ပင်)

ထန်တလန်၌ ရေစစ်ကန်များ ပြုပြင်သန့်ရှင်း

ထန်တလန်မြို့ သောက်သုံးရေ စဉ်ဆက်မပြတ်ရရှိနိုင်ရေးအတွက် ရွာပိုင်ချောင်း ရေထိန်းဧရိယာ စိမ်းလန်းစိုပြည်မှု၊ ရေဖမ်းကန်၊ ရေစစ်ကန်များ ပြုပြင်သန့်ရှင်းရေး ဆောင်ရွက်မှုကို မတ် ၉ရက်က အမှုဆောင်အရာရှိ ဦးချန်ဟမ်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆွေးအုပ်တို့ ကြီးကြပ်ဆောင်ရွက်ကြသည်။ (ပြည်နယ် ပြန်/ဆက်)

အရာတော်၌ စာကြည့်တိုက်များ စံ(၅)ချက်ညီရေး ညှိနှိုင်းစည်းဝေး

မုံရွာခရိုင် အရာတော်မြို့နယ်အတွင်း ဖွင့်လှစ်ထားသော ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီဖြစ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ မတ် ၉ရက် နံနက် ၁၁ နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက ဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်သူတို့ ကျန်းမာရေးကို ဖြည့်ဆည်းကုသပေးနေသော နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး (၁၀)နှစ်ပြည့်ပြီ

သတင်းမှတ်စု-မိုးမြင့်လင်းလက် ➢ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း) ➢ စာမျက်နှာဖွဲ့စည်းမှု-ဝင့်မာသွင်(မြန်မာ့အလင်း)

ရန်ကုန် မတ် ၃၀

နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး (ရန်ကုန်) ၁၀နှစ်ပြည့်မြောက်ခဲ့ပြီ။ ၂၀၀၀ပြည့်နှစ် မတ် ၂၆ရက်က စတင်ဖွင့်လှစ်ခဲ့သည်ဖြစ်ရာ ပြီးခဲ့သည့် မတ် ၂၆ရက်က (၁၀)နှစ်ပြည့်ခဲ့ခြင်းဖြစ်သည်။

ပြည်သူများ၏ နား၊ နှာခေါင်း၊ လည်ချောင်းနှင့်ပတ်သက်သည့် ကျန်းမာရေးကို နေ့စဉ်အချိန်ပြည့် ကြည့်ရှုကြပ်မတ်ကုသ

နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး (၁၀)နှစ်မြောက် အခမ်းအနား ကျင်းပစဉ်။

ပေးနေသော နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး၏ (၁၀)နှစ်ပြည့် အခမ်းအနားကို ရန်ကုန်မြို့ တာမွေမြို့နယ် ဗျိုင်းရေအိုးစင်ရပ်ကွက် ဗညားဒလလမ်းနှင့် ဗျိုင်းရေအိုးစင်လမ်းထောင့်ရှိ ယင်းဆေးရုံကြီး၌ မတ် ၃၀ရက် နံနက် ၈နာရီခွဲက ကျင်းပရာ သတင်းအဖွဲ့ ရောက်ရှိခဲ့သည်။

တာဝန်များဖြင့် အလုပ်မအားမလပ်ဖြစ်နေသော နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး၏ ဆေးရုံအုပ်ကြီး ဒေါက်တာစိုင်းလူနှင့် တွေ့ဆုံခဲ့ရာ "နှစ်ပတ်လည်အထိမ်းအမှတ်အနေနဲ့ (၁၀)နှစ်ပြည့်အဖြစ် ပထမဆုံးပြုလုပ်တာဖြစ်ပါတယ်။ ဒီနေ့ပွဲမှာ ဒီဆေးရုံကြီးကနေပြီး အငြိမ်းစားယူသွားကြတဲ့ ဆေးရုံအုပ်ကြီးတွေ၊ ပါမောက္ခ၊ ဌာနမှူးတွေကိုလည်း ဖိတ်ကြားပြီးကန်တော့တဲ့ အစီအစဉ်လည်း ပါဝင်တယ်။ ကန်တော့ခံ ဆရာကြီး ဆရာမကြီးတွေ စုစုပေါင်း ၁၃ဦး ပါဝင်ပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

နှုတ်ခွန်း

ထိုင်ခုံအသီးသီးတွင် ထိုင်နေကြသော အငြိမ်းစား ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခများ၊ ဌာနမှူးများမှာ အသက်အရွယ်ကြီးရင့်နေပြီဖြစ်သော်လည်း နုပျိုဆဲ၊ အသားအရေကြည်လင်ကာ ကျန်းမာရေးကောင်းနေဆဲဖြစ်သည်ကို မြင်တွေ့ရသည်။ အားလုံးမျက်နှာတွင် ကြည်ကြည်သာသာ ရွှင်ရွှင်ပြုံးပြုံးနှင့် ပီတိဖုံးလွှမ်းလျက်....။

ထို့နောက် ကျန်းမာရေးဦးစီးဌာနကိုယ်စား ရန်ကုန်ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာက အဖွင့်အမှာစကားပြောကြားသလို နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံအုပ်ကြီး ဒေါက်တာစိုင်းလူက နှုတ်ခွန်းဆက်စကားပြောကြားသည်။ တစ်ဖန် နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာသိန်းထွန်းကလည်း ဆေးရုံကြီး၏ ၁၀နှစ်တာခရီးကို ဖြတ်သန်းခဲ့ရမှုအကြောင်းများ၊ ကုသမှုနှင့် ပညာဖြန့်ဝေပေးမှုများကို စိတ်ဝင်စားဖွယ်ရာ ရှင်းပြခဲ့သည်။

နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီး၏ လက်ရှိဆောင်ရွက်နေမှုများနှင့်ပတ်သက်ပြီး ဆေးရုံအုပ်ကြီး ဒေါက်တာစိုင်းလူနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "ဒီဆေးရုံကြီးမှာ ဆေးပဒေသာပင် စိုက်ထူထားတဲ့ ငွေကျပ် ၃၀၆၀၃၃၉၀ ရှိပါတယ်။ အဲဒီငွေက တိုးပွားလာတဲ့ ငွေတွေနဲ့ လူနာတွေကို တတ်နိုင်သမျှ အခမဲ့ဆေးဝါးကုသမှု နေ့စဉ်ပြုလုပ်ပေးနေပါတယ်။ ဆေးပညာသင်ကြားရေးအပိုင်းမှာလည်း ဘွဲ့ကြို၊ ဘွဲ့လွန်တွေအထိ သင်ကြားပေးနေပါတယ်။ ဒီဆေးပညာရပ်တွေဟာ ကမ္ဘာ့အဆင့်မီကုထုံးနဲ့ ဆေးပညာတွေပဲဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့

"အထူးကုဆေးရုံကြီးရဲ့ ပုံရိပ်ကို ကောင်းသည်ထက် ကောင်းအောင် ကြိုးစားဆောင်ရွက်နေပါတယ်"
ဒေါက်တာစိုင်းလူ
ဆေးရုံအုပ်ကြီး။

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနတို့နဲ့ ပူးပေါင်းပြီး နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီးရဲ့ ပုံရိပ်ကို ကောင်းသည်ထက်ကောင်းအောင် ကြိုးစားဆောင်ရွက်နေပါတယ်"ဟု မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

ကုသ

ရန်ကုန် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးအဖြစ် ၂၀၀၆ ခုနှစ် မတ်လမှ စတင်ကာ သီးခြားခွဲထွက်ခဲ့ခြင်းဖြစ်သည်။ ယခင်က မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးအဖြစ် ရပ်တည်ခဲ့ခြင်းဖြစ်သည်။ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးအနေဖြင့် လက်ရှိအချိန်၌ ရန်ကုန်တိုင်းအတွင်း တစ်လလျှင်နှစ်ကြိမ် အခြားအထူးကုအဖွဲ့များနှင့် ပူးပေါင်းကာ ကွင်းဆင်းကုသပေးလျက်ရှိသည်။ တစ်နိုင်ငံလုံးအနေဖြင့် တစ်နှစ်လျှင် သုံးကြိမ်ကွင်းဆင်းကုသပေးလျက်ရှိနေသလို နား၊ နှာခေါင်း၊ လည်ချောင်း သီးသန့်ကုသမှုကိုလည်း တစ်နိုင်ငံလုံး၌ တစ်နှစ်လျှင် နှစ်ကြိမ် အထူးကုဆရာဝန်များက ကုသပေးလျက်ရှိကြောင်း သိရသည်။

ကဏ္ဍစုံလင်

ယခု (၁၀)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် စာစောင်လည်း ထုတ်ဝေထားသည်ကို တွေ့ရသည်။ ၁၀နှစ်တာကာလအတွင်း နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီး၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့်ဆရာဝန်ကြီးများ၊ ဆေးရုံအုပ်ကြီးများ၊ ကွင်းဆင်းကုသမှုများ စသည်ဖြင့် ကဏ္ဍစုံလင်စွာ ထည့်သွင်း ဖော်ပြထားသည်။

ဖြည့်ဆည်းပေး

ပြည်သူ့ကျန်းမာရေးကို အလေးထားကုသပေးနေသည့်အပြင် ဆေးပညာရပ်များကိုပါ သင်ကြားဖြန့်ဝေပေးနေသော ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီးကား ၁၀နှစ်သက်တမ်းရှိပြီဖြစ်သလို ပြည်သူတို့၏ ကျန်းမာရေးကိုလည်း တတ်စွမ်းသမျှ ဖြည့်ဆည်းပေးနေသဖြင့် အစဉ်နုပျိုနေမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

(၁၀)နှစ်ပြည့်မြောက်သွားပြီဖြစ်သော နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးကို ဤသို့တွေ့ရသည်။

မြောက်ပိုင်းဒေသများ၌ နေ့အပူချိန်များလျော့နည်းနိုင်

နေပြည်တော် မတ် ၃၀

<u>**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ**</u> လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၁၀ ဒီဂရီစင်တီဂရိတ်မှ ၁၂ ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်၊ မန္တလေးတိုင်းတွင် မတ်လ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ဒေသများတွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မောင်တောမြို့တွင် ၀ ဒသမ ၅၉ လက်မ၊ ကျိုင်းတုံမြို့၊ ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၀ ဒသမ ၂၈ လက်မစီ၊ သီပေါမြို့တွင် ၀ ဒသမ ၁၁ လက်မနှင့် မချမ်းဘောမြို့နှင့် ကော့သောင်းမြို့တို့တွင် ၀ ဒသမ ၀၈ လက်မစီ တို့ဖြစ်ကြသည်။

<u>**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ**</u> ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

<u>**မတ် ၃၁ ရက် ညနေအထိ ခန့်မှန်းချက်မှာ**</u> ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

<u>**မြန်မာ့ပင်လယ်ပြင်တွင်**</u> လှိုင်းအသင့်အတင့်ရှိမည်။

<u>**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ**</u> မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

<u>**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်**</u> ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

<u>**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်**</u> ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

<u>**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်**</u> ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၃-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	**ဂင်္ဂါမြစ်မှ သာစုသံ** တရားတော် ဘဒ္ဒန္တပညာဝံသ (ပုပ္ပားစကားဝါမြေဆရာတော်)
၇း၀၀	MRTV-4 သတင်း
၇း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆၆)
၈း၃၀	Sports World
၈း၅၅	လူနေမှုဘဝအလှထဲက မြန်မာ့သနပ်ခါး...
၉း၁၅	အလင်းငှက်တို့ တေးဖွဲ့သီ... မြို့မြောက်ဦးသို့ရည်
၉း၃၀	အားကစားမြင်ကွင်းစုံ
၁၀း၁၀	တူညီသောလက်၊ ကူညီသောအားနှင့် i Love Myanmar
၁၀း၃၀	Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
၁၁း၀၅	ဓာတ်ပုံထဲမှ အမှတ်တရများ (အဆိုတော် ကဗျာဘွဲ့မှူးနှင့် တွေ့ဆုံခြင်း)
၁၁း၄၀	Activities in the City စက်မှုလက်မှု အထက(၁) အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ
၁၂း၀၅	အလှဂုဏ်ရှိန်၊ ထိန်ထိန်ဝင်းပ၊ ဘိုကလေးမြို့တော်ခန်းမ
၁၂း၃၀	ဗီဒီယိုပြခန်း
၁း၀၀	**ဂင်္ဂါမြစ်မှ သာစုသံ** တရားတော် ဘဒ္ဒန္တပညာဝံသ (ပုပ္ပားစကားဝါမြေဆရာတော်)
၂း၀၀	MRTV-4 သတင်း
၂း၄၅	စကားနပန်း ကံကိုယုံကြည်တာကောင်းတယ်၊ ကံကိုမယုံကြည်တာကောင်းတယ်
၃း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆၆)
၄း၁၅	လူနေမှုဘဝအလှထဲက မြန်မာ့သနပ်ခါး...
၄း၄၀	တူညီသောလက်၊ ကူညီသောအားနှင့် i Love Myanmar
၅း၀၀	အလှဂုဏ်ရှိန်၊ ထိန်ထိန်ဝင်းပ၊ ဘိုကလေးမြို့တော်ခန်းမ
၅း၄၀	အောင်ချမ်းသာစေတီတော်၊ အောင်သိဒ္ဓိစေတီတော်ပူဇော်ပွဲ မဟာဗောဓိစေတီတော် ရွှေထီးတော်တင်လှူပွဲနှင့် ကျေးဇူးရှင် ကလေးဝ အဘိုးဆရာတော်ကြီး၏ အထိမ်းအမှတ်ပွဲတော်
၆း၀၀	MRTV-4 သတင်း
၆း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၄၅	ဗီဒီယိုပြခန်း
၇း၀၅	ဓာတ်ပုံထဲမှ အမှတ်တရများ (အဆိုတော် ကဗျာဘွဲ့မှူးနှင့် တွေ့ဆုံခြင်း)
၇း၃၅	Milestones of Contemporary Music Selection
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း ကံကိုယုံကြည်တာကောင်းတယ်၊ ကံကိုမယုံကြည်တာကောင်းတယ်
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆၆)
၁၀း၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀း၂၅	အောင်ချမ်းသာစေတီတော်၊ အောင်သိဒ္ဓိစေတီတော်ပူဇော်ပွဲ မဟာဗောဓိစေတီတော် ရွှေထီးတော်တင်လှူပွဲနှင့် ကျေးဇူးရှင် ကလေးဝ အဘိုးဆရာတော်ကြီး၏ အထိမ်းအမှတ်ပွဲတော်
၁၀း၃၅	Milestones of Contemporary Music Selection
၁၁း၀၀	Industrial Talk
၁၁း၃၀	သီးပွင့်ဝေဆာ ပဒေသာ (သရက်)
၁၁း၃၅	ယွန်းဖြစ်တည်ရာ ကျောက္ကာရွာ
၁၁း၅၀	**တားဆီးကာကွယ် လူတုပ်ကွေးအန္တရာယ်** ငှက်ပျောကြော်၊ နှင်းဂူကို (ဒါရိုက်တာ-မျိုးအေး)
၁၂း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ
မကွေးတိုင်း၊ မကွေးမြို့၊ မဟာဝိသုတာရာမတိုက်သစ်ကြီး၏
ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရ
(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏
ထေရုပ္ပတ္တိအကျဉ်း

ဖွားတော်မူခြင်း

ဆရာတော်လောင်းလျာသည် မကွေးတိုင်း၊ မင်းဘူးခရိုင်၊ စကုမြို့နယ်၊ လေးအိမ်တန်းကျေးရွာ၊ ခမည်းတော် ဦးထွန်းကြွယ်၊ မယ်တော်ဒေါ်ပိုးမှျင်တို့မှ ၁၂၈၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၄ ရက်(တနင်္လာနေ့) ည ၈ နာရီအချိန်တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၇ခုနှစ် တပို့တွဲလ၌ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ကျွန်းကလေးကျောင်း ဆရာတော် ဘဒ္ဒန္တဝေပုလ္လကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၄ ခုနှစ် နယုန်လပြည့်ကျော် ၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီ မိနစ်၃၀အချိန်တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ စကုမြို့နယ်၊ ဆင်ခေါင်းရွာ၊ ကြို့ယွန်းကျောင်းဆရာတော် အရှင်ရာဇိန္ဒမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မန်းချောင်းခေါ် နမ္မဒါမြစ် ဥဒကုက္ခေပသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် ခြောက်နှစ်သားအရွယ်တွင် ကျွန်းကလေးကျောင်း ဆရာတော် ဦးဝေပုလ္လ၊ ဦးစန္ဒာဝရ၊ ဦးရေဝတတို့ထံတွင် သူငယ်တို့၏ သင်ရိုးပညာရပ်များကိုသင်ယူ၍ ၁၂နှစ်သားအရွယ် ရှင်သာမဏေပြုပြီးနောက် ပုဒ်စစ်၊ သုတ်စစ်နှင့်တကွ ကစ္စည်းသဒ္ဒါကြီးကို သုံးခေါက်သင်ယူခဲ့ပါသည်။ ၁၆နှစ်သားအရွယ်တွင် ရေစကြိုမြို့၊ အောင်မြေသာယာကျောင်းတိုက်သို့ကြွရောက်၍ စာချဆရာတော်အရှင်သူရိယ၊ အရှင်အာစာရ၊ အရှင်သီလဝန္တတို့ထံ၌ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဋီကာကျော်၊ ရူပသိဒ္ဓိ၊ အဘိဓမ္မာ ညဝါစသော ပိဋကတ်အခြေခံကျမ်းဂန်များကို သင်ကြားဆည်းပူးတော်မူခဲ့ပါသည်။ ၁၃၁၀ ပြည့်နှစ် တပေါင်းလတွင် မကွေးမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အရှင်နာရဒ၊ အရှင်ပဒုမာဘိဝံသ၊ အရှင်ဝါယမ၊ အရှင်ဝိသောဘဏတို့ထံ၌ နိကာယ်ငါးရပ်ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့ကို သင်ကြားဆည်းပူးတော်မူခဲ့ပါသည်။ ၁၃၁၂ ခုနှစ်တွင် မန္တလေးမြို့ မစိုးရိမ်ဆရာတော် အရှင်သူရိယာဘိဝံသ၊ မဟာဝေယံ ဘုံသာတိုက် အရှင်ကလျာဏ၊ ဘုရားကြီးတိုက်အရှင်နာရဒ၊ အရှင်ဥက္ကံသတို့ထံ၌ အထက်တန်းပိဋကတ်ကျမ်းစာများကို သင်ကြားဆည်းပူးတော်မူခဲ့၍ ၁၃၁၄ခု နယုန်လတွင် ကျင်းပသောစာချတန်းစာမေးပွဲ၌ ကျမ်း(၉)ကျမ်းလုံးကို နှစ်ချင်းပေါက် အောင်မြင်တော်မူသောကြောင့် သာသနဓဇသိရီပဝရ ဓမ္မာစရိယသိရောမဏိ ဘွဲ့တံဆိပ် ရရှိတော်မူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၃၁၄ခုနှစ် နတ်တော်လ၌ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ် ဆရာတော်ကြီးများက ဆရာတော်အား ဂဏဝါစကစာချအဖြစ် ချီးမြှောက်တော်မူကြ၍ စာသင်သားရှင်ရဟန်းတို့အား ငယ်၊ လတ်၊ ကြီး ဓမ္မာစရိယတန်းစာဝါများနှင့် နိကာယ်ငါးရပ် ပါဠိတော် အဋ္ဌကထာ ဋီကာ ကျမ်းဂန်များကို ပို့ချတော်မူခဲ့ပါသည်။ လူသေလူဖြစ်ဝါဒါနုဝါဒ ဝိနိစ္ဆယထေရဝါဒ စွယ်စုံကျမ်းကြီးကို ပြုစုရာ၌ အခန်းပေါင်းများစွာ ရေးသားတော်မူခဲ့ပါသည်။ ထို့ပြင် ဥပါသကာဂုဏ် သိဖွယ်စုံ တရားတော်၊ ယမိုက်၊ ညဝါချနည်း နိဿရည်း (ခေါ်)ယမကအလင်းပြကျမ်းတို့ကိုလည်း ရေးသားပြုစုခဲ့ပါသည်။ ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်၌ ပါဠိဝိသောဓက ဓမ္မသင်္ဂဏီ ပါဠိဘာဏက သံဂီတိကာရကအဖြစ်လည်းကောင်း၊ မြသလွန်စေတိယ ဘဏ္ဍာဂါရိကအဖွဲ့၏ သြဝါဒါစရိယအဖြစ်လည်းကောင်း၊ ပခုက္ကူ ဂဏဝါစကနိကာယကြီး၏ ဂဏအနုဝိနာယက၊ သမ္မုတိဂဏမဟာဝိနာယကအဖြစ်လည်းကောင်း၊ ပထမအကြိမ်မှစ၍ ဆဋ္ဌအကြိမ်အထိ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်နှင့် နိုင်ငံတော်သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင်၊ အကျိုးတော်ဆောင်အဖြစ်ဆောင်ရွက်တော်မူခဲ့ပြီး ၂၀၀၅ခုနှစ်မှ ၂၀၁၀ခုနှစ်အထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ် သာသနာ့တာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။

ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်ပြီး လဇ္ဇီပေသလ သိက္ခာကာမစသော ဂုဏ်တို့နှင့်ပြည့်စုံတော်မူသော ဆရာတော်ဘုရားကြီးအား နိုင်ငံတော်အစိုးရက ၁၃၅၈ခုနှစ်၊ ၁၉၉၇ ခုနှစ်တွင် **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက** ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၁၃၅၉ခုနှစ်၊ ၁၉၉၈ခုနှစ်တွင် **အဘိဓဇမဟာရဋ္ဌဂုရု** ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါအရ ၁၃၇၁ခုနှစ် တန်ခူးလဆန်း ၁၅ရက်၊ ၂၀၁၀ခုနှစ်၊ မတ်လ ၂၉ရက် တနင်္လာနေ့၊ မွန်းလွဲ ၁နာရီ ၄၅မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

(ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်ကို ၃၀-၃-၂၀၁၀ရက် နံနက် ၁၁နာရီ မိနစ်၅၀အချိန်တွင် ရန်ကုန်မြို့မှ မကွေးမြို့သို့ အထူးလေယာဉ်ဖြင့်ပင့်ဆောင်၍ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ကျောင်းတိုက် သိမ်တော်ကြီးအောက်ထပ်၌ အပူဇော်ခံထားရှိမည်ဖြစ်ပြီး ၁၁-၄-၂၀၁၀ရက်တွင် စံကျောင်းချအခမ်းအနားနှင့် ၁၂-၄-၂၀၁၀ရက်တွင် အန္တိမဈာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက် အမှတ် ၂၄ အောင်ဇေယျလမ်းတွင် ပါတီရုံးချုပ်တည်ရှိသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက် တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၉-၃-၂၀၁၀ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ကြီး ပျံလွန်တော်မူ

နေပြည်တော် မတ် ၃၀

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ အဓိပတိ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မကွေးတိုင်း၊ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်ကြီး သက်တော်(၈၈)နှစ်၊ သိက္ခာတော် (၆၈)ဝါရှိ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရသည် (၁၃၇၁ ခုနှစ် တန်ခူး လဆန်း၁၅ရက်) မတ်၂၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီ ၄၅မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃၁-၃-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၄၅ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၀၅ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၁၅ ၈။ **ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ**
- ၈:၂၅ ၉။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၅ ၁၀။ International News

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၂၀ ၃။ အကပြိုင်ပွဲ
- ၄:၃၀ ၄။ သီချင်းကြီးပဒေသာ
- ၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
- ၄:၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၅ ၇။ **အဆုံးအဖြတ်**
- ၅:၁၀ ၈။ တေးဂီတအစီအစဉ်
- ၅:၂၅ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅:၃၅ ၁၀။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၄၅ ၁၁။ အပန်းဖြေလှည့်ပါ မြစ်ကမ်းခြေသာယာ
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၁၅ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၄။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၆:၄၀ ၁၅။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇:၀၅ ၁၆။ ရာသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၇:၄၀ ၁၇။ ဝတ်မှုံတေးဂီတအဖွဲ့ ဖျော်ဖြေခန်း
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၃၁)
- ၂၃။ မြန်မာဗီဒီယိုဇာတ်လမ်း **မှတစ်ပါး** မင်းမော်ကွန်း၊ ဗျိုက်၊ မေကဗျာ၊ ချိုပြုံး (ဒါရိုက်တာ- ဝင်းထွန်းထွန်း)

မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်း မီးလောင်ကျွမ်းမှုများဖြစ်ပွား မီးဘေးသတိပေးချက်များကို တိတိကျကျလိုက်နာဆောင်ရွက်ကြရန် မီးသတ်ဦးစီးဌာနက သတိပေးနှိုးဆော်

နေပြည်တော် မတ် ၃၀

မန္တလေးတိုင်း မိုးကုတ်မြို့နယ် ပန်းမထိပ်ကျေးရွာအနီး တောင်စောင်းမှ တောမီးစတင်လောင်ကျွမ်းပြီး မီးကူးစက်လောင်ကျွမ်းမှုကြောင့် မတ် ၂၄ရက် ညနေ ၃နာရီခန့်တွင် ပန်းမထိပ်ကျေးရွာရှိ နေအိမ် ငါးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

ထို့အတူ စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ပဒတ္တိုင်းကျေးရွာ၌ မတ် ၂၅ရက် နံနက် ၁၀နာရီခန့်တွင် နေအိမ် မီးကြွင်းမီးကျန်မှ တစ်ဆင့် မီးကူးစက် လောင်ကျွမ်းပြီး နေအိမ် ၂၅လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ ပွင့်ဖြူမြို့နယ် ဇီးတောကျေးရွာ၌ မတ် ၂၅ရက် နံနက် ၁၀နာရီ ၁၅မိနစ်ခန့်တွင် နေအိမ် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းပြီး နေအိမ်နှစ်လုံးမီးလောင်ဆုံးရှုံးခဲ့ကာ ဇီးကျွန်းကျေးရွာ၌ မတ် ၂၅ရက် နံနက် ၁၀နာရီ ၁၈မိနစ်ခန့်တွင် မီးဖိုအနီး ဂက်စ်မီးခြစ်ထားရှိရာမှ ပေါက်ကွဲလောင်ကျွမ်းကာ နေအိမ် ၁၀လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

တိုက်တွန်းနှိုးဆော်

မီးသတ်ဦးစီးဌာနက တောမီး၊ ပေါ့ဆမီးနှင့် လျှပ်စစ်ဝိုင်ယာရှော့မှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းမှုများ မဖြစ်ပွားစေရေးအတွက် ဒေသအာဏာပိုင်များနှင့်ပူးပေါင်း၍ နှိုးဆော်သတိပေးခြင်း၊ အသိပညာပေး ဟောပြောခြင်း၊ မီးဘေးကြိုတင်ကာကွယ်တားဆီးရေး သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ပူပြင်းခြောက်သွေ့သော ရာသီဥတုဖြစ်ပြီး လေပြင်းများ တိုက်ခတ်လျက်ရှိသဖြင့် မီးအလွယ်တကူ လောင်ကျွမ်းနိုင်ကာ မီးကူးစက်လောင်ကျွမ်းရန်လည်း လွယ်ကူသဖြင့် မီးလောင်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး ဂရုပြုကြရန်နှင့် မီးဘေးသတိပေးချက်များကို လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်လျက်ရှိသည်။

(သတင်းစဉ်)

ခရီးသည်တင်ယာဉ်တိမ်းမှောက် ခြောက်ဦးသေဆုံး၊ ၃၀ဒဏ်ရာရရှိ

နေပြည်တော် မတ် ၃၀

နေပြည်တော်-တောင်ကြီး ခရီးသည်တင်ယာဉ်တစ်စီးသည် မတ် ၂၇ရက် နံနက် ၄နာရီခွဲခန့်တွင် ကလောမြို့နယ် ဘဝသံသရာတံတားအနီး၌ အရှိန်မထိန်းနိုင်ဘဲ လက်ယာဘက်ရှိ ချောက်အတွင်းသို့ထိုးကျတိမ်းမှောက်သွားခဲ့ကြောင်း၊ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ခရီးသည် ၃၆ဦးအနက် အမျိုးသားသုံးဦး၊ အမျိုးသမီးသုံးဦး သေဆုံးကာ ကျန်ခရီးသည် ၃၀မှာ ပွန်းပဲ့၊ ပေါက်ပြဲ၊ ဖူးရောင်၊ နာကျင် ဒဏ်ရာများ ရရှိခဲ့သဖြင့် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း၊ ယာဉ်မောင်း အောင်သက်ဦးအား ဟဲဟိုးရဲစခန်းက ပေါ့လျော့မှုကြောင့် လူသေမှု၊ သာမန်/ပြင်းထန်နာကျင်မှုဖြင့် အမှုဖွင့် ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

ဝေဖန်ပြောကြား

ခရီးဝေးသွား ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များကို ခရီးမထွက်မီ သေချာစွာ ကြံ့ခိုင်မှုစစ်ဆေးခြင်း၊ သတ်မှတ်ခွင့်ပြု အရှိန်အတွင်း မောင်းနှင်ခြင်း၊ ယာဉ်မောင်းများအနေဖြင့် ယာဉ်မောင်းနှင်ချိန်ကာလ အတွင်း မူးယစ်ဆေးဝါးနှင့် အရက်သေစာ မသောက်စားခြင်း၊ လူနှင့်ကုန်အရေအတွက်ကို ခွင့်ပြုချက်ထက် ပိုမိုတင်ဆောင်မှု မပြုခြင်း စသည်ဖြင့် စည်းကမ်းနှင့်အညီ စနစ်တကျ မောင်းနှင်ကြပါက ယာဉ်တိမ်းမှောက်မှုများ ပေါ်ပေါက်မည်မဟုတ်ကြောင်း၊ တောင်ဆင်း/တောင်တက်လမ်းများ၌ ပုံမှန်သွားလာနေရသော ယာဉ်များကို ယာဉ်ကြံ့ခိုင်မှု ပိုမိုစစ်ဆေးဆောင်ရွက်သင့်ကြောင်းဖြင့် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ယာဉ်တိမ်းမှောက်မှုများနှင့် စပ်လျဉ်း၍ ဝေဖန်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

မြဝတီရုပ်မြင်သံကြား

၃၁-၃-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၅ ၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၄:၄၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅:၁၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၃၅ ၁၄။ Mail Box
- ၆:၄၅ ၁၅။ ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးဖော်** (အပိုင်း-၂၃)
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၆၄)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ရယ်ရွှင်စရာဟာသပဒေသာ **မြားနတ်မောင်ပါခင်ဗျာ** မိုးယံဇွန်၊ ဆုပန်ထွာ၊ ဇရာ၊ သူရလင်း၊ အုန်းသီး၊ ဗေဒါ၊ စိုပြည်၊ အုံ့မင်းညို၊ ချမ်းမီမီကို၊ အေးသီတာ ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)
- ၂၂။ အိုင်စီတီသုတ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၄။ Champion League of Boxing Ander Dirrell Vs Arthur Abraham

ကမ္ဘာ့ဈေးအကြီးဆုံးနာရီများ ကမ္ဘာ့ဈေးအကြီးဆုံးနာရီများ ကမ္ဘာ့ဈေးအကြီးဆုံးနာရီများ

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင် (မြန်မာ့အလင်း)

ကမ္ဘာပေါ်တွင် နာရီအမျိုးအစားပေါင်းများစွာ ထုတ်လုပ်လျက်ရှိရာမှ တန်ဖိုးအမြင့်ဆုံးနှင့် ဈေးအကြီးဆုံးနာရီအချို့ကို စုစည်းဖော်ပြရပါလျှင်-

မိုနာကိုနိုင်ငံမှ စိန်နာရီ

မိုနာကိုနိုင်ငံ မြို့တော်မိုနာကိုတွင် မကြာမီက ခင်းကျင်းပြသခဲ့သော နိုင်ငံတကာနာရီပြပွဲ၌ ပြသခဲ့သည့် အိတ်ဆောင်နာရီတစ်လုံးမှာ စိန်များ၊ ရွှေဖြူများနှင့် ပုလဲများဖြင့် ပေါင်းစပ်ပြုလုပ်ထားသည်။ ရွှေဖြူဖြင့်ပြုလုပ်ထားသော နာရီကိုယ်ထည်ပေါ်၌ ရွှေ၊ ပုလဲနှင့် စိန်များဖြင့် စီခြယ်ထားသည့် ပျားတစ်ကောင်ပါရှိသည်။ ယင်းနာရီကို အင်ဒရီးစ်ဖွန်ဇာ ဒိုရာဂါလေဟ့်ဖ်က ဒီဇိုင်းပုံစံထုတ်လုပ်ထားခြင်းဖြစ်သည်။ နာရီတန်ဖိုးမှာ အမေရိကန်ဒေါ်လာတစ်သိန်းခွဲဖြစ်၍ ကမ္ဘာပေါ်တွင်ဈေးအကြီးဆုံး နာရီများတွင် တစ်လုံးအပါအဝင်ဖြစ်သည်။ (အောက်ပုံ)

စပိန်နိုင်ငံမှ ဂရင်းဒီနာရီ

စပိန်နိုင်ငံ ဗလင်ပင်နာရီလုပ်ငန်းမှ ထုတ်လုပ်ထားသော လက်ပတ်နာရီဖြစ်သည်။ ယင်းအမျိုးအစားစုစုပေါင်း နာရီအလုံး ၃၀သာ ထုတ်လုပ်ထားသည်။ ကမ္ဘာ့စံတော်ချိန်၊ နိုင်ငံအလိုက်စံတော်ချိန်များပါရှိသည့် ရွှေဖြူနှင့်စိန်များကို နာရီကိုယ်ထည်နှင့် အစိတ်အပိုင်းများ၌ တပ်ဆင်ထားသည်။ နာရီကြိုးကို မိကျောင်းသားရေဖြင့် ပြုလုပ်ထားသည်။ နာရီတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၈၅၀၀၀ ဖြစ်သည်။ (ဝဲပုံ)



အမေရိကန်နိုင်ငံမှ ဘစ်ဘန်းနာရီ

အမေရိကန်နိုင်ငံ ဟုဘ်ယော့နာရီလုပ်ငန်းမှ ထုတ်လုပ်ထားသော လက်ပတ်နာရီဖြစ်သည်။ နာရီကိုယ်ထည်နှင့် အစိတ်အပိုင်းများကို ရွှေဖြူ၊ ရွှေ၊ စိန်များဖြင့် စီခြယ်ထုတ်လုပ်ထားခြင်းဖြစ်သည်။ ကမ္ဘာပေါ်တွင် အလှပဆုံးနှင့်ဈေးအကြီးဆုံးနာရီအဖြစ် ရည်ရွယ်ကာ ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး အရှေ့အလယ်ပိုင်းဒေသမှ အာရပ်ရေနံသူဌေးများအား ရောင်းချရန်ဖြစ်သည်။ နာရီတန်ဖိုးမှာ အမေရိကန်ဒေါ်လာတစ်သန်းဖြစ်သည်။ (အပေါ်ပုံ)

ဘဝအမောပြေ

ဇနီးများအကြောင်း....

မိတ်ဆွေနှစ်ဦးဆုံတွေ့ပြီး စားသောက်ဆိုင်၌ ၄င်းတို့၏ ဇနီးများအကြောင်းကို အောက်ပါအတိုင်း ရင်ဖွင့်လျက်ရှိကြသည်-

ပထမမိတ်ဆွေ ။ ။ စိတ်ညစ်တယ်ဗျာ။

ဒုတိယမိတ်ဆွေ ။ ။ ဘာဖြစ်လို့လဲ။

ပထမမိတ်ဆွေ ။ ။ ကျွန်တော့်မိန်းမက အရင်ယောကျ်ားအကြောင်းချည်းပဲ တမ်းတပြောနေတာ သည်းမခံနိုင်တော့ဘူး။

ဒုတိယမိတ်ဆွေ ။ ။ အင်း.... ခင်ဗျားကတော်ပါသေးတယ်ဗျာ.... ကျွန်တော့်အဖြစ်က ပိုဆိုးတယ်ဗျ။

ပထမမိတ်ဆွေ ။ ။ ပြောစမ်းပါဦး။

ဒုတိယမိတ်ဆွေ ။ ။ ကျွန်တော့်မိန်းမက နောက်ယူမယ့် ယောကျ်ားအကြောင်းကိုချည်းပဲ ပြောနေတာမို့ အခုအိမ်ကထွက်လာတာ....

ပထမမိတ်ဆွေ ။ ။ **“ဗျာ”**

ဘဝဒဿန

- ***Opportunity frowns upon selfish monopolies.***
  အကယ်၍သင်သည် ရလာသောအခွင့်အရေးကို ဆုပ်ကိုင်ထားနိုင်အောင် အရည်အချင်းမပြည့်မီပါက အခွင့်အလမ်းက သင့်အားရှောင်ထွက်သွားပေလိမ့်မည်။
- ***It is more beneficial to ask intelligent questions than it is to offer free opinions which have not been requested.***
  သင်၏ထင်မြင်ချက်များကို တောင်းဆိုခြင်းမခံရဘဲ ပေးမည့်အစား ပညာသားပါသော မေးခွန်းများကို မေးမြန်းခြင်းက ပို၍အကျိုးကျေးဇူးရှိမည် ဖြစ်သည်။
- ***Some nuggets of thought are worth more than nuggets gold.***
  အချို့သော စိတ်ကူးစိတ်သန်းတို့သည် ရွှေတုံးရွှေခဲလေးများထက်ပင် ပို၍တန်ဖိုး ရှိတတ်ပါသည်။

(ရှိတ်စပီးယား)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်ဆွေ၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ တင်မာဝင်းနှင့် မြကေခိုင်စိုး

ဂျပန်နိုင်ငံ၏သမိုင်းကြောင်း

နိုင်ငံတကာ သတင်းအက်ဆေး

တိုး-ရေးသားသည်

ဂျပန်နိုင်ငံသည် အာရှတိုက်အရှေ့ဖျားတွင်တည်ရှိသည်။ ကမ္ဘာပေါ်တွင် စီးပွားရေးအင်အားကြီးနိုင်ငံ တစ်နိုင်ငံဖြစ်သည်။ ၂၀ရာစု ဒုတိယပိုင်းအတွင်း အံ့သြဖွယ်ရာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ကမ္ဘာ့ကျန်နိုင်ငံများက အားကျစရာလည်း ဖြစ်ရသည်။ နိုင်ငံတကာ အသိုင်းအဝိုင်းအတွင်း ကြီးမားသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ အဓိကအလှူရှင်နိုင်ငံကြီး တစ်နိုင်ငံဖြစ်သည်။ ကမ္ဘာ့အရင်းအနှီးနှင့် ချေးငွေရရှိရာဌာနတစ်ခုလည်း ဖြစ်သည်။

ဂျပန်ပြည်သူအများစုသည် မြို့ပြတွင် နေထိုင်ကြသည်။ ပြည်သူလေးပုံသုံးပုံသည် ဂျပန်နိုင်ငံ ကျွန်းလေးကျွန်း၏ ကမ်းရိုးတန်း အစွန်အဖျား၌ ပြန့်ကျဲနေသည့်မြို့များတွင် နေထိုင်ကြသည်။

နိုင်ငံတော်အကြီးအကဲမှာ ဂျပန်ဧကရာဇ် အကီဟီတိုဖြစ်သည်။ အစိုးရအဖွဲ့အကြီးအကဲမှာ ဝန်ကြီးချုပ်ဖြစ်သည်။

သိမ်းယူ

ဤနိုင်ငံ၏ သမိုင်းကြောင်းကို ပြန်ကြည့်လျှင် ၁၈၉၄ ခုနှစ်တွင် တရုတ်နိုင်ငံနှင့် စစ်ဖြစ်သည်။ ကိုးလအတွင်း ဂျပန်တပ်များ အနိုင်ရသည်။ ၁၈၉၅ ခုနှစ်တွင် တရုတ်က တရုတ်(တိုင်ပေ)ကို ဂျပန်တို့လက်သို့ အပ်လိုက်ရသည်။ ၁၉၀၄ ခုနှစ်တွင် ရုရှားနှင့် စစ်ဖြစ်သည်။ ဂျပန်သည်ပင် ၁၉၀၅ ခုနှစ်တွင် အနိုင်ရပြန်သည်။ ၁၉၁၀ ပြည့်နှစ်တွင် သုံးနှစ်ကြာတိုက်ပွဲဖြစ်ပြီးနောက် ကိုရီးယားကို သိမ်းယူလိုက်သည်။ ဂျပန်နိုင်ငံသည် ယခုအခါ ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်သည်။

၁၉၁၄ ခုနှစ် ပထမကမ္ဘာစစ်ကြီးတွင် ဤနိုင်ငံက ဗြိတိန်နှင့်မဟာမိတ်တို့ဘက်မှ ပါဝင်သည်။ ၁၉၁၉ခုနှစ် ဗာဆိုင်းစာချုပ်အရ ဤနိုင်ငံက ပစိဖိတ်မှ နယ်မြေအချို့ကိုရလိုက်သည်။ ၁၉၂၃ခုနှစ်တွင် တိုကျိုမြေငလျင်ကြောင့် လူတစ်သိန်းကျော်သေဆုံးသည်။

ဂျပန်နိုင်ငံသည် အာရှတိုက် အရှေ့ဖျားတွင် တည်ရှိ။ ကမ္ဘာပေါ်တွင် စီးပွားရေး အင်အားကြီးနိုင်ငံ တစ်နိုင်ငံဖြစ်။ ၂၀ရာစု ဒုတိယပိုင်းအတွင်း အံ့သြဖွယ်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ကမ္ဘာ့ကျန်နိုင်ငံများက အားကျစရာလည်းဖြစ်ရ။

၁၉၂၀ပြည့်နှစ်များတွင် အစွန်းရောက်မျိုးချစ်ဝါဒက စတင်အခြေတည်လာသည်။ ၁၉၃၁ခုနှစ် မန်ချူးရီးယားကိုကျူးကျော်ပြီး ရုပ်သေးအစိုးရ တင်လိုက်သည်။ ၁၉၃၆ခုနှစ်တွင် ကွန်မြူနစ်ဆန့်ကျင်ရေးစာချုပ်ကို ဤနိုင်ငံက နာဇီဂျာမနီနှင့် ချုပ်ဆိုသည်။ ၁၉၃၇ခုနှစ်တွင် အီတလီနှင့် အလားတူ သဘောတူစာချုပ်မျိုးကို ချုပ်ဆိုသည်။ ၁၉၃၇ခုနှစ်တွင် တရုတ်နှင့် စစ်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်

၁၉၃၉ခုနှစ်တွင် ဥရောပ၌ ဒုတိယကမ္ဘာစစ်ကြီးစတင်လိုက်ပြီးနောက် ၁၉၄၀ပြည့်နှစ်တွင် နာဇီဂျာမနီလက်အောက်သို့ ပြင်သစ်ကျသွားသည့်အခါ ဂျပန်နိုင်ငံက ပြင်သစ် အင်ဒိုချိုင်းနားကို သိမ်းရန်စီစဉ်သည်။ ၁၉၄၁ခုနှစ်တွင် ပုလဲဆိပ်ကမ်းရှိ အမေရိကန် ပစိဖိတ်ရေတပ်ကို ဂျပန်က ရုတ်တရက် ဗုံးကြဲတိုက်ခိုက်သည်။ ဟာဝိုင်ယီကျွန်း ပုလဲဆိပ်ကမ်းမှ သင်္ဘော ၁၂စင်းမြုပ်ပြီး ကိုးစင်းပျက်စီးသွားသည်။ လူ ၂၅၀၀နီးပါး သေဆုံးသည်။ နောက်တစ်ရက်တွင် အမေရိကန်နှင့် မဟာမိတ်များက ဂျပန်ကိုစစ်ကြေညာသည်။ ၁၉၄၂ခုနှစ်တွင် ဤနိုင်ငံက ဖိလစ်ပိုင်၊ ဒတ်ချ်၊ အရှေ့အိန္ဒိယ၊ မြန်မာနိုင်ငံနှင့် မလေးရှားအပါအဝင် နိုင်ငံအများအပြားကို ဆက်တိုက်သိမ်းယူသည်။

လက်နက်ချ

၁၉၄၅ခုနှစ်တွင် အမေရိကန်က ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ကို ဩဂုတ် ၆ရက်တွင်လည်းကောင်း၊ နာဂါစကီမြို့ကို ဩဂုတ် ၉ရက်တွင်လည်းကောင်း အဏုမြူဗုံးတစ်လုံးစီ ကြဲချလိုက်သည့်အတွက် ဂျပန်တို့လက်နက်ချခဲ့ရသည်။

အဆုံးသတ်

၁၉၅၅ခုနှစ်တွင် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ(အယ်လ်ဒီပီ)ကို ထူထောင်သည်။ ၁၉၉၀ပြည့်နှစ်အစပိုင်းမှတစ်ပါး ဤပါတီသည် ၂၀ရာစု လက်ကျန်နှစ်များသာမက ၂၁ရာစုအတွင်းသို့တိုင် အာဏာရပါတီဖြစ်လာသည်။ ၂၀၀၉ခုနှစ် ဩဂုတ်လအထွေထွေရွေးကောက်ပွဲတွင် အတိုက်အခံပါတီဖြစ်သော ဂျပန်ဒီမိုကရက်တစ်ပါတီ အပြတ်အသတ်အနိုင်ယူသည့်အခါမှ နှစ်ပေါင်း ၅၀ကျော် အာဏာရလာသည့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ(အယ်လ်ဒီပီ)အုပ်စိုးမှု အဆုံးသတ်သွားသည်။ ၁၉၅၆ခုနှစ်တွင် ကုလသမဂ္ဂဝင် နိုင်ငံဖြစ်လာသည်။ ၁၉၆၄ခုနှစ်တွင် အိုလံပစ်အားကစားပွဲတော်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

၁၉၈၉ခုနှစ်တွင် ဂျပန်ဧကရာဇ်ဟီရိုဟီတိုနတ်ရွာစံသဖြင့် အကီဟီတို ဂျပန်ထီးနန်းဆက်ခံသည်။ အယ်လ်ဒီပီမှ အိုဘူချီဝန်ကြီးချုပ် ဖြစ်လာသည်။ ၂၀၀၁ခုနှစ် ဧပြီလတွင် အယ်လ်ဒီပီပါတီခေါင်းဆောင်သစ် ကိုအိဇုမိ ဝန်ကြီးချုပ်ဖြစ်လာသည်။

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလတွင် အီရတ်နိုင်ငံသို့ ထောက်ပို့ဂျပန်တပ်ဖွဲ့ဝင်များ ဖြန့်ကြက်လိုက်သည့်အခါ ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် တိုက်ခိုက်ရေးဇုန်အတွင်း ပထမဆုံးဂျပန်တပ်ဖွဲ့ဝင်များကို စေလွှတ်ခြင်းဖြစ်သည်။ ထိုနှစ် စက်တင်ဘာလတွင် ဤနိုင်ငံက ဘရာဇီး၊ ဂျာမနီ၊ အိန္ဒိယတို့နှင့်အတူ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်အဖြစ်ရရှိရေး ကြိုးပမ်းသည်။ ထိုနှစ် ဒီဇင်ဘာလတွင် စစ်အေးတိုက်ပွဲကာလအတွင်း မြောက်ကိုရီးယားက ပြန်ပေးဆွဲသွားသူ ဂျပန်နိုင်ငံသားများနှင့်စပ်လျဉ်း၍ အငြင်းပွားသည်။

ရာထူးဆက်ခံ

၂၀၀၅ခုနှစ် စက်တင်ဘာလ ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် ကိုအိဇုမိ မဲအပြတ်အသတ် အနိုင်ရသည်။ ၂၀၀၆ခုနှစ် စက်တင်ဘာလတွင် ရှင်ဇိုအာဘေးဝန်ကြီးချုပ်အဖြစ် ရာထူးဆက်ခံသည်။ ၂၀၀၇ခုနှစ် စက်တင်ဘာလတွင် ရှင်ဇိုအာဘေးမှ ရာထူးမှနုတ်ထွက်သောအခါ ယာဆူအိုဖူကူဒါဝန်ကြီးချုပ်ဖြစ်လာသည်။ ၂၀၀၈ခုနှစ် စက်တင်ဘာလတွင် ဖူကူဒါ ရာထူးမှထွက်လိုက်သောအခါ တာရိုအာဆိုဝန်ကြီးချုပ် ဖြစ်လာသည်။

တိုကျို၌ကျင်းပသည့် ဒေသန္တရရွေးကောက်ပွဲများတွင် သူ့ပါတီအရေးနိမ့်ပြီးနောက် ၂၀၀၉ခုနှစ် ဩဂုတ်လတွင် ရွေးကောက်ပွဲ ကျင်းပပေးမည်ဟု ဝန်ကြီးချုပ်တာရိုအာဆိုက ၂၀၀၉ခုနှစ် ဇူလိုင်လတွင် ကြေညာသည်။

၂၀၀၉ခုနှစ် ဩဂုတ်လ အထွေထွေရွေးကောက်ပွဲတွင် အာဏာရလစ်ဘရယ်ဒီမိုကရက်တစ်ပါတီ(အယ်လ်ဒီပီ)အပေါ် အတိုက်အခံ ဂျပန်ဒီမိုကရက်တစ်ပါတီ (ဒီပီဂျေ)က အနိုင်ရလိုက်သည်။ ၂၀၀၉ခုနှစ် စက်တင်ဘာလတွင် အနိုင်ရဒီပီဂျေပါတီခေါင်းဆောင် ယူကီအိုဟာတိုယာမက ညွန့်ပေါင်းအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖြစ်လာသည်။ ။

ကိုးကား-အင်တာနက်

အလင်းရောင်စာကြည့်တိုက်အဆောက်အအုံ

ကျိုင်းတုံခရိုင် မိုင်းခတ်မြို့နယ် မိုင်းဟန်ကျေးရွာ၌ ဖွင့်လှစ်

ကျိုင်းတုံ မတ် ၁၇

ကျိုင်းတုံခရိုင် မိုင်းခတ်မြို့နယ် မိုင်းဟန်ကျေးရွာတွင် နိုင်ငံတော်ခွင့်ပြုငွေဖြင့် ဆောက်လုပ်သည့် အလင်းရောင် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

စာကြည့်တိုက်အဆောက်အအုံသစ်ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကျော်သူ၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးနောင် **(အောက်ပုံ)** တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မိုင်းဟန်ကျေးရွာ စာကြည့်တိုက်အတွက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကျော်သူက စာအုပ်စာစောင် အုပ် ၅၀နှင့် ပန်းချီကားတစ်ချပ်ကို လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခမ်လျန်ဆုမ်းက စာအုပ်စာစောင် အုပ်၅၀ ကိုလည်းကောင်း၊ မိုင်းခတ်မြို့နယ်ဌာနဆိုင်ရာများ စုပေါင်းလှူဒါန်းသည့် စာအုပ်စာစောင် အုပ် ၁၀၀ကို မြို့နယ် ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာစန်းယုနိုင်က လည်း ကောင်း ပေးအပ်လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကော့ကရိတ်မြို့နယ်၌ ကတ္တရာလမ်းသစ်ဖွင့်

ကော့ကရိတ် မတ် ၂၅

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် အမှတ်(၃)ရပ်ကွက် စိုက်ပျိုးရေးလမ်းကတ္တရာလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က အဆိုပါလမ်းမုခ်ဦးရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

ယင်းဖွင့်ပွဲအခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်နေလင်း တက်ရောက်ပြီး လမ်းသစ်ကို ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းနိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးက လမ်းနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ **(ပြည်နယ် ပြန်/ဆက်)**

သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ဗဟိုလမ်းကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မတ် ၁၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငြိမ်းချမ်းအောင်နှင့် အမှုဆောင်အရာရှိ ဦးဌေးလွင်တို့ ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမင်းကျော်ခိုင် ရှင်းလင်းကြစဉ်။

(မြို့နယ်စည်ပင်)

စာပေဟောပြောပွဲ ပြင်ဦးလွင်၌ ကျင်းပ

ပြင်ဦးလွင် မတ် ၅

ပြင်ဦးလွင်မြို့နယ် စာဆိုတော်နေ့နှင့် စာပေဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ရက်က ပြင်ဦးလွင်မြို့ ရွှိုင်ရယ်ဒိုင်းမွန်းခန်းမ၌ ကျင်းပရာ ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင်က အမှာစကားပြောကြားပြီး စာဆိုတော်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုရအထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများအား ခရိုင်ဥက္ကဋ္ဌနှင့် မြို့နယ်ဥက္ကဋ္ဌတို့က ဆုများချီးမြှင့်သည်။ ဆက်လက်၍ စာဆိုတော်နေ့ အခမ်းအနားအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်ရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့နာယက ပြင်ဦးလွင်ချစ်ဆွေက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် အမျိုးသားစာပေဆုရ ချစ်နိုင်(စိတ်ပညာ)၊ အမျိုးသားစာပေဆုရ သုရဇော်နှင့် နွမ်ဂျာသိုင်းတို့က စာပေရေးရာများ ဟောပြောကြသည်။ (ဝဓဓ)

မြို့နယ်သတင်းထွေတလာ

ခရီးသည်မေ့ကျန်ပစ္စည်း ပြန်လည်ပေးအပ်

ရန်ကုန် မတ် ၃၀

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ဒဂုံ-ဧရာ (အဝေးပြေး)ယာဉ်ရပ်နားစခန်းမှ ဇာတိမြေခရီးသည်ပို့ဆောင်ရေးအသင်း ရန်ကုန်-ညောင်ကျိုး ပြေးဆွဲနေသော ယာဉ်အမှတ် ၅ခ/၆၁၈၆မှ ယာဉ်မောင်း ဦးအောင်ဇော်မိုး၊ ယာဉ်နောက်လိုက်ဦးမင်းဇော်၏ ယာဉ်ပေါ်တွင် မနှင်းဆီပိုင်ဆိုင်သော MP-4 ကင်မရာတစ်လုံး၊ MP-5 ကင်မရာတစ်လုံးနှင့် Olympicကင်မရာတစ်လုံး၊ ပစ္စည်းသုံးမျိုး စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၀သိန်းခန့် ယာဉ်ပေါ်တွင်ကျန်ရှိခဲ့ရာ မတ် ၃ ရက်က မထသ (အဝေးပြေး) ဒဂုံ-ဧရာ ရုံးခွဲပို့ဆောင်ရေး တာဝန်ခံဦးမြင့်အောင်နှင့်ဇာတိမြေယာဉ်လိုင်း တာဝန်ခံ ဦးခင်မောင်လွင် **(အောက်ပုံ)**တို့က ပြန်လည်ပေးအပ်ခဲ့သည်။

(ခရိုင် ပြန်/ ဆက်)

(၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု

စာကြည့်တိုက်အဆောက်အအုံသစ် တိုက်ကြီး၌ဖွင့်

တိုက်ကြီး မတ် ၂၆

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် လိမ္မော်ခြံကျေးရွာအုပ်စု ဘုရားကြီးစုကျေးရွာတွင် မတ် ၂၅ ရက် နံနက် ၁၁ နာရီက (၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို အဆိုပါ စာကြည့်တိုက် အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒေါ်သီတာစန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ချစ်ချစ်သန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုးသိန်း **(အောက်ပုံ)**တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လှူဒါန်း

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြပြီး မြို့နယ်အတွင်းရေးမှူးနှင့် ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းတို့က သုတ၊ ရသစာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက်များ စာငှားကတ်စနစ် ကျင့်သုံးရေး ရွှေပြည်သာမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မတ် ၃၀

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်အုန်းညွန့်နှင့် ဝန်ထမ်းများက ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရှင်သန်ရေး၊ စာအုပ် စာစောင်တိုးပွားရေး၊ ငွေပဒေသာပင် စိုက်ထူရေး၊ စာငှားကတ်စနစ် ကျင့်သုံးရေးတို့အတွက် မတ် ၂၄ ရက် နံနက် ၁၀နာရီက အမှတ်(၉) ရပ်ကွက် ရတနာပုံ စာကြည့်တိုက်သို့ ကွင်းဆင်းဆွေးနွေး ဆောင်ရွက်သည်။

ရှင်းလင်းပြောကြား

ယင်းဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်များ စံ(၅)ချက်နှင့် ညီညွတ်ရေးကို ရှင်းလင်းဆွေးနွေးပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် စာကြည့်တိုက်ကော်မတီဝင်များက စာကြည့်တိုက်များ ရှင်သန်ရေးဆောင်ရွက်နေမှုများနှင့် စာအုပ် စာစောင်များ စုဆောင်းရရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ဆက်လက်၍ ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်အုန်းညွန့်တို့က ငွေကျပ် ငါးသောင်းတန်ဖိုးရှိ တိုရှီဘာ ၁၄လက်မတီဗွီတစ်လုံးလှူဒါန်းရာ ကန်တော်မင်္ဂလာစာကြည့်တိုက် ကော်မတီ ဦးမြင့်လှိုင်**(အောက်ပုံ)**က လက်ခံယူသည်။

(မြို့နယ် ပြန်/ ဆက်)

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါခေါ်ရက်	တင်ဒါပိတ်ရက်
1.	Electrical Instrument And Accessories	3 Items	31-3-2010	14-5-2010
2.	Equipment For Main Sub Station	1 Lot	31-3-2010	14-5-2010
3.	Auxiliary Rectifier For Electrical Locomotive	1 Lot	31-3-2010	14-5-2010
4.	Cable Wire	1 Lot	31-3-2010	14-5-2010
5.	Cyclo Gear Reducer For Slurry Agitator	1 Set	31-3-2010	14-5-2010
6.	Spare Parts For Rotary Kiln & Air Quenching Cooler	1 Lot	31-3-2010	14-5-2010
7.	Spare Parts For Heavy Equipment	1 Lot	31-3-2010	14-5-2010
8.	Gear Reducer For Finish Mill No(3)	1 Set	31-3-2010	14-5-2010
9.	Drive Pinion Assembly For Finish Mill	1 Set	31-3-2010	14-5-2010
10.	Truck Crane(55)Tons	1 Unit	31-3-2010	14-5-2010

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ရောင်းဝယ်ရေးဌာန၊ ရုံးအမှတ်(၄၁)နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများ လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံ တရားဝင်ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

(အသေးစိတ်သိလိုပါက စုံစမ်းရန်တယ်လီဖုန်းအမှတ်-၀၆၇-၄၀၈၂၉၈)
မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း။



မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် မတ် ၃၀

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇** တွင်လည်း မြန်မာ့အလင်းသတင်းစာကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါနှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)

အိန္ဒိယနိုင်ငံ ကုသိနာရုံဆရာတော်ကြီး၏ (၇၅)နှစ်မြောက် စိန်ရတုမွေးနေ့အထိမ်းအမှတ် ဝိဟာရဒါန၊ ဓမ္မဒါနပူဇာမင်္ဂလာ

ဖိတ်ကြားလွှာ

၁။ အိန္ဒိယနိုင်ငံ၊ ကုသိနာရုံမြို့၊ မြန်မာဘုန်းတော်ကြီးကျောင်းတိုက်၊ ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိဿရ အရှင်သူမြတ်၏ (၇၅)နှစ်မြောက် စိန်ရတုမွေးနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့၊ ကမ္ဘာအေးဝင်း၊ ဟံသာသီရိကုန်းမြေ၌ ဆောက်လုပ်လျက်ရှိသော စိန်ရတု မဟာနာယကကျောင်းဆောင်အတွက် ဒုတိယအကြိမ်အလှူငွေပေးအပ်ပွဲနှင့် စိန်ရတုဝိဇာတစာစောင်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို (၁၃၇၁ ခုနှစ် တန်ခူးလပြည့်ကျော် ၂ရက်) ၂၀၁၀ခုနှစ် မတ်၃၁ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ကမ္ဘာအေးကုန်းမြေ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပပြုလုပ်ပါမည်။ ယခင်လှူဒါန်းထားသော အလှူရှင်များနှင့် နောက်ထပ်လှူဒါန်းလိုကြသော အလှူရှင်များအား ကုသိနာရုံဆရာတော်ကြီးကိုယ်တိုင် ဂုဏ်ပြုလွှာများချီးမြှင့်မည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် အသိပေးဖိတ်ကြားအပ်ပါသည်။

၂။ ဆရာတော်ကြီးအား ဖူးမြော်လိုကြသော ဗုဒ္ဓဂယာဘုရားဖူးများ၊ တပည့်ဒကာ၊ ဒကာမများအနေဖြင့် ယခုအခါဆရာတော်ကြီးသည် ရန်ကုန်မြို့၊ ကမ္ဘာအေးဝင်း၊ ဟံသာသီရိကုန်းမြေ ယာယီမဟာနာယကစံကျောင်း၊ ဖုန်းနံပါတ် ၀၉-၅၁၅၉၁၃၄၄၌ သီတင်းသုံးလျက်ရှိပြီး ၂-၄-၂၀၁၀ရက်တွင် အိန္ဒိယနိုင်ငံသို့ ပြန်လည်ကြွချီမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

၃။ ကုသိနာရုံဆရာတော်ကြီး၏ စိန်ရတုဝိဇာတစာစောင်ဖြစ်မြောက်ရေးကော်မတီဝင်များနှင့် ဓမ္မပူဇာစာရေးဆရာများအားလည်း ၃၁-၃-၂၀၁၀ရက် ညနေ ၃နာရီတွင် စာစောင်ထုတ်ဝေရေးကိစ္စ ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါ၍ ကြွရောက်ပါရန် အသိပေးဖိတ်ကြားအပ်ပါသည်။ **(သီးခြားဖိတ်စာမပို့တော့ပါ)**

စိန်ရတုမွေးနေ့ဖြစ်မြောက်ရေးကော်မတီ၊ ရန်ကုန်မြို့။

ဖျာပုံမြို့နယ် မြို့နယ်သမဝါယမအသင်းစု၏ နမ်းဆန် နှစ်ထပ်ရေယာဉ် ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချရန်

ကြော်ငြာစာ

၁။ ဧရာဝတီတိုင်း၊ ဖျာပုံမြို့နယ်သမဝါယမအသင်းစု၏ နှစ်ထပ်ရေယာဉ်တစ်စင်းကို မြန်မာနိုင်ငံသားများအား မျက်မြင်အခြေအနေအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

နမ်းဆန်(သံခွံ) နှစ်ထပ်ရေယာဉ်

အလျား	၁၃၂. ၀၇ ပေ
အနံ	၂၅. ၀၀ ပေ
စောက်(ရေစူး)	၅. ၀၇ ပေ

HINO-EF (၃၅၀)အင်ဂျင်စက် (၂)လုံး

၂။ ရောင်းချမည့်အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ချိပ်ပိတ်တင်ဒါတင်သွင်းရမည့်ရက်	- ၃၁-၃-၂၀၁၀ရက်(ဗုဒ္ဓဟူးနေ့) ၁၆း၃၀နာရီ
(ခ) ချိပ်ပိတ်တင်ဒါဖွင့်မည့်ရက်	- ၇-၄-၂၀၁၀ရက်(တနင်္လာနေ့)
(ဂ) ချိပ်ပိတ်တင်ဒါဖွင့်မည့်အချိန်	- နံနက် ၁၀နာရီ
(ဃ) ချိပ်ပိတ်တင်ဒါဖွင့်မည့်နေရာ	- မြို့နယ်သမဝါယမအသင်းစု၊ အမှတ်၅၅၊ ပထမလမ်း ပြည်ထောင်စုဈေးကြီးရှေ့၊ ဖျာပုံမြို့။

၃။ ချိပ်ပိတ်တင်ဒါဖြင့်တင်သွင်းမည့် နမ်းဆန်နှစ်ထပ်ရေယာဉ်(၆၁၂၅)နှင့် ပတ်သက်၍ သိသင့်သည့်စည်းကမ်းချက်များကို ဖျာပုံမြို့နယ်သမဝါယမအသင်းစုရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

၄။ တင်ဒါစည်းကမ်းနှင့် တင်ဒါလျှောက်လွှာတစ်စုံလျှင် ကျပ် ၁၀၀၀၀ဖြင့် ဝယ်ယူနိုင်ပါသည်။

ထုခွဲရောင်းချရေးအဖွဲ့
မြို့နယ်သမဝါယမအသင်းစု၊ ဧရာဝတီတိုင်း၊ ဖျာပုံမြို့။

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော မြိတ်တောင်ရပ်ကွက် ဘုရားကိုင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၃ရက်က အဆိုပါမှန်ဦး၌ကျင်းပရာ တနင်္သာရီတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင် ကြည်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဆင်ပေါင်ဝဲမြို့နယ်၌ စက်ရေတွင်း ဆောင်ရွက်

ဆင်ပေါင်ဝဲ မတ် ၂၉

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆင်ပေါင်ဝဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ (၁၇)ကြိမ်မြောက် အလှူရှင်လှူဒါန်းငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် နှစ်လက်မစက်ရေတွင်း ခန့်မှန်းကုန်ကျငွေကျပ်၂၅သိန်းဖြင့် မွန်းစကျေးရွာတွင် တူးဖော်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးမျိုးနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ဝင်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မီးသတ်ဦးစီးမှူး ဦးကိုကိုဦး ဦးဆောင်သော သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင်များ မတ် ၂၁ရက်က မြို့ပေါ် (၁၁)ရပ်ကွက်ရှိ ခေါက်ဆွဲဆိုင်၊ လက်ဖက်ရည်ဆိုင်များတွင် မီးလောင်မှုအန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းပညာပေး ဆောင်ရွက်ကြစဉ်။ (၀၂၀)

ဒီဂျစ်တယ် အော်တိုတယ်လီဖုန်း အိတ်ချ်ချိန်းသစ်ဖွင့်ပွဲ မင်းတုန်းမြို့၌ကျင်းပ

မင်းတုန်း မတ် ၂၈

မကွေးတိုင်း သရက်ခရိုင် မင်းတုန်းမြို့နယ် ဒီဂျစ်တယ်အော်တိုတယ်လီဖုန်း အိတ်ချ်ချိန်းသစ်ဖွင့်ပွဲကို မတ် ၂၆ရက် နံနက်က အဆိုပါမှန်ဦးရှေ့၌ကျင်းပရာ ဖွင့်ပွဲအထိမ်းအမှတ်အလံများကို မကွေးတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း လက်ထောက်အထွေထွေမန်နေဂျာ ဦးအောင်ဝင်းက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြအေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသာညွှန့်နှင့် မြို့နယ်အော်တိုတယ်လီဖုန်း ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးနိုင်တို့သို့ ပေးအပ်သည်။

ဆက်လက်၍ အော်တိုအိတ်ချ်ချိန်းသစ်ကို လက်ထောက်အထွေထွေမန်နေဂျာ ဦးအောင်ဝင်းနှင့် ခရိုင်ဥက္ကဋ္ဌ ဦးမြအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသူများက အိတ်ချ်ချိန်းသစ်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကာ တယ်လီဖုန်းဆက်သွယ်ပြောဆိုမှုများကို စမ်းသပ်ပြောဆိုခဲ့ကြသည်။

ယခုမြို့နယ်အတွင်း ဒီဂျစ်တယ်အော်တိုတယ်လီဖုန်း၂၅၆လုံး တပ်ဆင်အသုံးပြုလျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကန့်ဘလူမြို့နယ် ဇီးကုန်းကျေးရွာဈေးတွင် မီးဘေးကာကွယ်ရေး သရုပ်ပြ လေ့ကျင့်မှုနှင့် မီးသတ်ဆေးဘူးများ သုံးစွဲမှု ရှင်းလင်းပြသခြင်းကို မတ် ၁၃ရက်က အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်နိုင်တို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးငွေလွင်စိုးနှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးကြည်ထွန်းတို့ ဦးဆောင်သောဝန်ထမ်းများ မြို့မဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပခုက္ကူမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ မိတ်ဆုံစားပွဲကျင်းပ

ပခုက္ကူ မတ် ၂၉

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပခုက္ကူမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ၏ မိတ်ဆုံစားပွဲကို မတ်၂၇ရက် နံနက် ၉နာရီက ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်ဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မျိုးလတ်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသူများ၊ မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးသက်ပိုင်(ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးကျော်ငွေအောင်(ငြိမ်း) နှင့် ကော်မတီဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(၀၇၀)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၃၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ယနေ့နံနက် ၉နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H. E. Mr.Chen Deming ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၉ ကော်လံ ၃ ✻